ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မည်သည့်ဘေးမျှမရှိတော့**

ကောင်းမှု၊ မကောင်းမှုကို ပယ်ပြီးသော၊ ရာဂ ဒေါသ စသည်တို့ကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်(ရဟန္တာ)၏ စိတ်သည် ပညာနှင့် ပြည့်စုံသဖြင့် မည်သည့်ဘေးမျှ မရှိတော့ဘဲ ချမ်းသာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၉)

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 20 July 2017 (၈၉၉၁)

## နိုင်ငံတော်အတွက် အသက်ပေးလှူသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ ကုသိုလ်ပြု အမျှဝေ

စာမျက်နှာ - ၃

## အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

စာမျက်နှာ - ၃





နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

# ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ အလေးပြု

## နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သအမျှပေးဝေသည်။

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားသို့ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ ကျင်းပရေးဗဟိုကော်မတီနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



ကြေးမုံ

# အနာဂတ်နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်

ကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကြရာတွင် မျက်မှောက်ကာလ လူငယ်လူရွယ်များမှာ အလွန်အရေးပါ အရာရောက်ပါသည်။ အဆိုပါ လူငယ်လူရွယ်များ အနာဂတ်အတွက် အရေးပါအရာရောက်သည်ဟု ပြောဆိုနေရုံဖြင့် မပြီးသေးချေ။ ထိုအရေးပါအရာရောက်သော လူငယ်လူရွယ်များ လမ်းမှန်ကမ်းမှန်ပေါ်သို့ရောက်ရှိရေး၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်ရေး၊ အသိပညာ၊ အတတ်ပညာများ တိုးတက်ထွန်းကားရေးတို့ကို မျက်မှောက်ကာလ မိဘအုပ်ထိန်းသူနှင့်လူကြီးများက တည့်မတ်ထိန်းကျောင်း ပြုပြင်ပျိုးထောင်ပေးဖို့လိုအပ်ပါသည်။

ယနေ့ကာလတွင် တည်ရှိနေသော လူငယ်လူရွယ်များအား ကြည့်မည်ဆိုလျှင် လူငယ်လူရွယ်အုပ်စု ငါးခုကိုတွေ့ရပါသည်။ လမ်းမှန်ကမ်းမှန်ပေါ်သို့ ရောက်ရှိသောလူငယ်လူရွယ်များ၊ လမ်းမှန်ပေါ်သို့ရောက်ရှိသော်လည်း ပန်းတိုင်မရောက်သည့် လူငယ်လူရွယ်များ၊ လမ်းမှန်ပေါ်သို့ရောက်ရှိနေသော်လည်း ပံ့ပိုးကူညီတည့်မတ်ပေးမည့် အကူအညီများလိုအပ်နေသော လူငယ်လူရွယ်များ၊ လမ်းကြောင်းလွဲနေသော လူငယ်လူရွယ်များနှင့် လမ်းကြောင်းမှားခဲ့သော လူငယ်လူရွယ်များဟူ၍ ခွဲခြားကြည့်နိုင်သည်။

ယင်းကိုကြည့်မည်ဆိုလျှင် လမ်းမှန်ကမ်းမှန်ပေါ်သို့ ရောက်ရှိသွားသောလူငယ်လူရွယ်များနှင့် လမ်းမှားသို့ရောက်ရှိသွားသော လူငယ်လူရွယ်များမှာ အနည်းစုဖြစ်မည်ဟုပြောနိုင်ပြီး ကျန်ကြားလူငယ်လူရွယ်သုံးမျိုးမှာ အများစုဖြစ်နိုင်သည်ဟု ပြောရမည်ဖြစ်သည်။ လူငယ်လူရွယ်များ လမ်းမှန်သည်ဖြစ်စေ၊ လမ်းမှားသည်ဖြစ်စေ ပြုစုပျိုးထောင်တည့်မတ်ပေးရန်မှာ ဆရာသမားလူကြီးသူမနှင့်အုပ်ထိန်းသူများအားလုံးတွင် တာဝန်ရှိပါသည်။

ဤနေရာတွင် အသိပညာသည်အရေးကြီးလှသဖြင့် လူငယ်လူရွယ်များ အသိပညာတတ်မြောက်ရေးအလုပ်မှာ ဦးစားပေး၊ အရေးပါသောလုပ်ငန်းဖြစ်သည်။ ဒုတိယအရေးအကြီးဆုံးအလုပ်မှာ ပညာတတ်မြောက်သော လူငယ်လူရွယ်များအားသင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေးဖြစ်သည်။ တတိယအရေးအကြီးဆုံးအလုပ်မှာ လမ်းမှန်ပေါ်သို့ ရောက်ရှိသွားသောလူငယ်လူရွယ်များအား နေရာပေးရေး ဖြစ်သည်။ ဤသုံးချက် ပြည့်စုံပါလျှင် ကောင်းမွန်သောအနာဂတ်နိုင်ငံ ဖြစ်လာမည်မှာ အမှန်ဖြစ်သည်။

လက်ရှိတွင် အခြေအနေကောင်းများ ဖြစ်တည်နေပြီဟု ယူဆနိုင်သည့် ကြားလူငယ်လူရွယ်အုပ်စု သုံးစုမှာ အများစုဖြစ်ပြီး ထိုလူငယ်လူရွယ်များအား လမ်းမှန်ပေါ်သို့ မပို့ဆောင်နိုင်ခြင်း ဖြစ်သည်။ လမ်းမှန်ပေါ်သို့ မပို့ဆောင်နိုင်သည့်အချက်မှာ ပညာတစ်ပိုင်းတစ်စနှင့်ရပ်တန့်သွားရခြင်းနှင့်တစ်နွယ်ငင်တစ်စင်ပါဖြစ်သော ဆင်းရဲနွမ်းပါးသည့် အကြောင်းအချက်များလည်း ပါဝင်ပေသည်။ မူ၊ လယ်၊ ထက်၊ အဆင့်မြင့်ပညာသင်ကြားရေးအပိုင်း လေးပိုင်းတွင် ပညာသင်နှစ်အလိုက် တစ်စတစ်စ ပြုတ်ကျသွားပြီး အဆင့်တစ်ဆင့်ပြီးတိုင်း ၂၅ ရာခိုင်နှုန်းလျော့ကျခြင်းဖြင့် အဆင့်မြင့်ပညာတွင် ၂၅ ရာခိုင်နှုန်းသာ ကျန်တော့သည်ကို အကြမ်းဖျင်းတွေ့ရသည်။

ပညာဘက်၌ ထိုသို့တစ်စတစ်စလျော့နည်းကျဆင်းကြောင်း တွေ့ရသည့်အချက်တွင် စီးပွားရေးမပြေလည်ခြင်းသည် ပထမအချက်ဖြစ်ပြီး စာမေးပွဲကျရှုံးခြင်းသည် ဒုတိယအချက်ဖြစ်ကာ မိသားစုပြဿနာမှာ တတိယအချက်ဖြစ်သည်ကို တွေ့ရသည်။ အမှန်တကယ်တွင် ကလေးအရွယ်လူငယ်များမှာ ဖြူစင်သောနှလုံးသားပိုင်ရှင်များဖြစ်ပြီး ဖယောင်းကဲ့သို့ လိုရာပုံသွင်းပေးနိုင်ပေသည်။ ယခုနှစ်အာဇာနည်နေ့တွင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားနေသည်ကိုတွေ့ရသည်။ ယင်းမှာ ကြားအုပ်စု လူငယ်လူရွယ်များမှာ အာဇာနည်ခေါင်းဆောင်ကြီးများ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား အထူးကြည်ညို ယုံကြည်မှုတိုးလာသည်ကို တွေ့ရသည်။ ယင်းမှာ အနာဂတ်အတွက် လူငယ်လူရွယ်များ၏ ကောင်းသော လက္ခဏာများပင် ဖြစ်သည်။

ထို့ကြောင့် လမ်းမှားရောက်နေသော လူငယ်လူရွယ်များအား လမ်းမှန်ပေါ်သို့ပြန်လည်ပို့ဆောင်ရေး၊ ကြားရောက်နေသော လူငယ်လူရွယ်များအား ဝိုင်းဝန်းဖြည့်ဆည်းတည့်မတ်ပေးရေး၊ အဓိကကျသော ပညာစနစ်ကို ပြန်လည်သုံးသပ်ဆင်ခြင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး၊ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေးတို့ကို ရေတို၊ ရေရှည်အစီအမံများဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မည်ဟု ယုံကြည်ပါကြောင်း။ ။

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အလှူဒါနပြုအမျှပေးဝေခြင်းအခမ်းအနား ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့်အလှူဒါနပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ နှစ်(၇၀) ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့



အခြေစိုက် နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမညာဏာဘိဝံသထံမှ ငြိမ့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကိုနာယူကြသည်။

ထို့နောက် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော်ထံမှ ရေစက်ချ တရားနာယူကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

# နှစ်(၇၀)ပြည့်အာဇာနည်နေ့အခမ်းအနား ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) တွင် ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များက ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ နှစ်မိနစ်ငြိမ်သက် ဂါရဝပြုကြသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက "ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံရခြင်းဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားရေးဆိုင်ရာ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သလို၊ ပုဂ္ဂလိက မိသားစု ဘဝတစ်ခုအတွက် သာမက မြန်မာနိုင်ငံ တစ်နံတစ်လျားက မိသားစုတွေအားလုံးအတွက်လည်းကောင်း၊ ဘဝတူအမျိုးသား လွတ်လပ်ရေးတိုက်ပွဲဝင် အာရှတစ်လွှားက မိသားစုတွေအတွက် လည်းကောင်း၊ မိမိတို့ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရရှိရေး ရုန်းကန်နေကြတဲ့ ကမ္ဘာ့မိသားစုတွေအတွက်လည်းကောင်း အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီး တစ်ရပ်ဖြစ်ပါတယ်" ဟုပြောကြားသည်။

အခမ်းအနားသို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ နိုင်ငံရေးနယ်ပယ်အသီးသီးမှ ခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားနှင့် ပတ်သက်၍ (၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ဦးဂျင်မီက "အာဇာနည်နေ့ ဆိုတာ လူတိုင်းနဲ့သက်ဆိုင်တယ်ဆိုတဲ့ အသိစိတ်ကို ကျွန်တော်တို့ တိုင်းပြည်မှာ ပြန်ရလာပါပြီ။ အဲဒီလိုပြန်ရလာလို့လည်း မြို့နယ်အနှံ့အပြားမှာ အထိမ်းအမှတ် အခမ်းအနားတွေ ကျင်းပပြီး ဂါရဝပြုကြတယ်။ ဉာဉ်တွေဆွဲကြတယ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ အလေ့အကျင့်တွေ နည်းနေပါသေးတယ်။ တိုင်းပြည်မှာ တန်ဖိုးထားသင့်တဲ့သူကို တန်ဖိုးထားတတ်လာအောင် သင်ခန်းစာ ယူဖို့လိုပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် အချက်ငါးချက်ပါသော ကြေညာချက်တစ်စောင်ကိုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ဇော်ကြီး-ပဏီတ**



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်အတွက် အသက်ပေးလှူသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ကုသိုလ်ပြုအမျှဝေ

**နေပြည်တော် ဇူလိုင် ၁၉**

နှစ်(၇၀) ပြည့် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီးဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမျိုးအောင်တို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ စျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ သံဝေဂကထာတရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**



**အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးကုသိုလ်ပြု အမျှပေးဝေခြင်း အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)ရှိ ၎င်း၏နေအိမ်တွင် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။


အဆိုပါဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ အရှင်ဝီရိယ(ဓမ္မဘေရီ)တောင်စွန်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကဦးတင်ဦးနှင့် ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှင်ဝီရိယ(ဓမ္မဘေရီ)တောင်စွန်းဆရာတော်ထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

❐



**ဖခင်ဖြစ်သူဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့်ဧည့်ပရိသတ်များ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းရန် "နယ်လ်ဆင်မင်ဒဲလားနေ့"တွင် ကုလအကြီးအကဲတိုက်တွန်း

ကုလသမဂ္ဂ ဇူလိုင် ၁၉

**ကမ္ဘာတစ်ဝန်း၌ ငြိမ်းချမ်းရေးအခွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းကြရန် လည်းကောင်း၊ လူသားအားလုံး ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ရေးအတွက် အားပေးမြှင့်တင်ကြရန်လည်းကောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်ဒရူးဂူတဲရက်ရှ်က "နယ်လ်ဆင်မင်ဒဲလား နိုင်ငံတကာနေ့" အထိမ်းအမှတ်အခမ်းအနားတွင် တိုက်တွန်း ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဇူလိုင် ၁၈ ရက်က ကျင်းပသော "နယ်လ်ဆင်မင်ဒဲလား နိုင်ငံတကာနေ့" အထိမ်းအမှတ် အခမ်းအနားတွင် ကုလသမဂ္ဂအကြီးအကဲက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နယ်လ်ဆင်မင်ဒဲလားသည် သတ္တိထွန်းပြောင်မှုနှင့် ကရုဏာမေတ္တာထားမှုတို့အရ ကမ္ဘာ့လူသားများကို စံနမူနာပြသနေဆဲပင်ဖြစ်ကြောင်း၊ လူမှုရေးတရားမျှတမှု၊ လွတ်လပ်မှုနှင့် ငြိမ်းချမ်းမှုတို့အတွက် သယ်ပိုးဆောင်ရွက်ပါမည်ဆိုသော ၎င်း၏ကတိကဝတ်ပြုမှုကို လူသားတို့ စံနမူနာယူသင့်လှကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။

မင်ဒဲလားသည် တောင်အာဖရိက သမ္မတအဖြစ် ၁၉၉၄ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီစနစ်ဖြင့် အပြည့်အဝ ရွေးချယ်ခြင်းခံရသော ပထမဆုံးသမ္မတလည်းဖြစ်သည်။

သမ္မတမဖြစ်မီက မင်ဒဲလားသည် အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးကို တက်ကြွစွာလှုပ်ရှားခဲ့သူတစ်ဦးဖြစ်ပြီး အာဖရိကန်နေရှင်နယ်ကွန်ဂရက်၏ လက်ရုံးတစ်ဆူအဖြစ် ရပ်တည်ခဲ့သည်။

လူမျိုးရေးခွဲခြားမှု ဆန့်ကျင်လှုပ်ရှားစဉ်က ကျူးလွန်ခဲ့သော အပြစ်များအတွက် တောင်အာဖရိကတရားရုံးက ထောင်ဒဏ် ၂၇ နှစ်ကို ရောဘင်ကျွန်း၌ ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ထောင်မှပြန်လည်လွတ်မြောက်လာပြီး တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအတွက် အပြောင်းအလဲဖြစ်ပေါ်ရန်အတွက် စေ့စပ်ဆွေးနွေးခြင်းနှင့်ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

မင်ဒဲလားသည် ဆယ်စုနှစ်လေးစုကျော်အတွင်း ဆုအရေအတွက်ပေါင်း ၂၅၀ ကျော်ရရှိခဲ့သည်။ ၎င်းဆုများအနက် ၁၉၉၃ ခုနှစ်တွင် ရရှိခဲ့သော ငြိမ်းချမ်းရေးနိုဘယ်လ်ဆုမှာ အထင်ရှားဆုံးဖြစ်သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက မင်ဒဲလား၏ မွေးနေ့ဖြစ်သော ဇူလိုင် ၁၈ ရက်ကို "Mandela Day"ဟု သတ်မှတ်ပြီး ကမ္ဘာကြီးသို့ လွတ်မြောက်မှုအရသာကို မျှဝေပေးနိုင်သူအဖြစ် မှတ်တမ်းတင်ခဲ့သည်။ **ဆင်ဟွာ။**




# ဖိလစ်ပိုင်တောင်ပိုင်း၌ လက်ဝဲဝါဒီသူပုန်များ ချုံခိုတိုက်ခိုက် သမ္မတဒူတာတေး၏ လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များဒဏ်ရာရ

**ဒါဗိုစီးတီး ဖိလစ်ပိုင် ဇူလိုင် ၁၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ဇူလိုင် ၁၉ ရက်က လက်ဝဲဝါဒီ သူပုန်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် သမ္မတ ရိုဒရစ်ဂိုဒူတာတေး၏ လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင် ခြောက်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း တပ်မတော်ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ၏ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မင်ဒါနာအိုကျွန်းရှိ ကိုတာဘာတို မြောက်ပိုင်းပြည်နယ် အာရာကန်မြို့၏ အဝေးပြေးလမ်းပေါ်၌ ခရီးသွားလာနေစဉ် ပြည်သူ့တပ်ဖွဲ့ သစ်အမည်ရှိ ပြောက်ကျားသူပုန်အဖွဲ့ဝင်များက ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ စစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ် အက်ဇရာဘာလတ်တေးက ပြောကြားသည်။

သမ္မတဒူတာတေး၏ ခရီးစဉ်မတိုင်မီတွင် မနီလာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၅၀၀ အကွာရှိ အာရာကန်မြို့တွင် သမ္မတနန်းတော်လုံခြုံရေး တပ်ဖွဲ့ဝင်များ လုံခြုံရေးစစ်ဆေးမှု ပြုလုပ်နေချိန်အတွင်း ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်သည်ဆို၏။

ဒဏ်ရာရသူ တပ်ဖွဲ့ဝင်များကို အာရာကန်မြို့ရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့နှင့်ကြည်းတပ်စစ်သည်များသည် ထွက်ပြေးသွားကြသော သူပုန်တပ်ဖွဲ့များကို လိုက်လံရှင်းလင်းနေကြောင်း ဘာလတ်တေးက ဆက်လက်ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသော ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းအထိ စစ်အုပ်ချုပ်ရေးကာလကို သက်တမ်းတိုးရန် သမ္မတဒူတာတေးက အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ဆန့်ကျင်သည့်အနေဖြင့် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီက ပြည်သူ့တပ်ဖွဲ့သစ်အမည်ရှိ သူပုန်အဖွဲ့ကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားရန် ညွှန်ကြားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# ယီမင်နိုင်ငံမြို့တော် ဆာနားအနီး၌ တိုက်ခိုက်မှုဖြစ်ပွား လူ ၂၂ ဦးထက်မနည်းသေဆုံး

**ဆာနား ဇူလိုင် ၁၉**

ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် ယီမင်နိုင်ငံမြို့တော် ဆာနားအရှေ့မြောက်ပိုင်း နီဟယ်ရှေ့တန်းဒေသတွင် ယီမင်အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်များအကြား တိုက်ခိုက်မှုများ ဇူလိုင် ၁၈ ရက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ရာ လူ ၂၂ ဦးထက်မနည်းသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ယီမင်စစ်ဘက်သတင်းရပ်ကွက်မှ ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် မြို့တော် ဆာနားနှင့် ယီမင်အစိုးရတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် မာရစ်ဘ်ပြည်တို့အကြား ဆက်သွယ်ထားသည့်လမ်းကြောင်းမှ အယ်-မင်ဆာတောင်က စီးမိုးထားသည့်နေရာ၌ ဇူလိုင် ၁၈ ရက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယီမင်အစိုးရတပ်ဖွဲ့များသည် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် မဟာမိတ်လေတပ်ဖွဲ့၏ ကျောထောက်နောက်ခံဖြင့် ဟူသီသူပုန်များ သိမ်းယူထားသည့်မြို့တော် ဆာနားအနီးသို့ ရှေ့ဆက်ချီတက်ရန် ကြိုးပမ်းစဉ် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်ဖော်ပြခြင်း မရှိသည့် ယီမင်စစ်ဘက်မှ သတင်းပေးတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအတွင်း ယီမင်အစိုးရတပ်ဖွဲ့မှ စစ်သည်နှစ်ဦးသေဆုံးပြီး အခြားလေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဟူသီသူပုန်များဘက်မှ လူ ၂၀ နီးပါးခန့် သေဆုံးကြောင်း ၎င်းကပြောကြားသည်။

ဟူသီသူပုန်များဘက်မှမူ ၎င်းတို့တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ လတ်တလော၌ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံတွင် ကုန်တင်ယာဉ်နှစ်စီး တိုက်မိရာမှ ပြင်းထန်သော ပေါက်ကွဲမှုကြီးဖြစ်ပွား



**ပေကျင်း ဇူလိုင် ၁၉**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ အဝေးပြေးလမ်းမတစ်ခုပေါ်တွင် ကုန်တင်ယာဉ်နှစ်စီးတိုက်မိရာမှ ပြင်းထန်သော ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါပေါက်ကွဲမှုသည် ကျယ်ကျန်းစီရင်စု၏ ဟန်ကျိုးမြို့အနီးတွင် ဇူလိုင် ၁၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားမှုမှာ အဝေးပြေးလမ်းမပေါ်တွင် ရပ်တန့်ထားသော ကုန်တင်ယာဉ်တစ်စီးကို အခြားသော ကုန်တင်ယာဉ်တစ်စီးက ဝင်ရောက်တိုက်မိခဲ့ရာတွင် ပေါက်ကွဲမှုကြီးထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူမရှိခဲ့ပေ။ ယာဉ်နှစ်စီးတိုက်မိမှုကြောင့် ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ခြင်း၏အကြောင်းရင်းခံကို ရဲအရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

စောင့်ကြည့်ကင်မရာမှ ရိုက်ကူးထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ကုန်တင်ယာဉ်နှစ်စီးတိုက်မိရာမှ ပေါက်ကွဲမှုကြီးဖြစ်ပွားကာ မီးတောက်များနှင့် မီးခိုးငွေ့များ ကောင်းကင်ယံသို့ ပျံ့နှံ့သွားခဲ့သည်ကို တွေ့ရှိရသည်။ ထို့ပြင် ကားလမ်းမဘေးတွင် ရပ်ထားသော ကုန်တင်ယာဉ်မှ စက္ကူများလွင့်စဉ်ပျံ့နှံ့သွားကြောင်း တွေ့ရှိရသည်။

အဆိုပါကုန်တင်ယာဉ်သည် စက္ကူများနှင့် ဆေးရောင်စုံဘူးများ တင်ဆောင်လာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများထံမှ မျိုးဆက်သစ်များက ဘာတွေစံနမူနာယူကြမလဲ

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက်သည် နှစ်(၇၀)ပြည့် အာဇာနည်နေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်(၇၀) ပြည့်ခဲ့ပြီဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို ကျေးဇူးဆပ်လိုကြလျှင် ရရှိပြီးသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပေသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်


ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို


အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏သား ဦးရဲမြင့်အောင်


အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်စင်ချို


အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏သား ဦးထွေးဝင်း


အာဇာနည်ခေါင်းဆောင်ကြီး စဝ်စံထွန်း၏သား စဝ်ကိုင်ဖ


အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်


အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏မြေး ဦးမြတ်ထူးရာဇတ်


အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏သား ဒေါက်တာမင်းမြင့်


ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို(ငြိမ်း)

မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများထံမှ ကောင်းမြတ်သည့် အာဇာနည်စိတ်ဓာတ်များကို မွေခံထိုက်စေ စံနမူနာ ရယူကြရပေမည်။

သို့ဖြစ်၍ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နှစ်(၇၀) ပြည့် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုနှင့် အာဇာနည်ခေါင်းဆောင်ကြီး များ၏ မိသားစုဝင်များအား မြန်မာ့သတင်းစဉ်ကတွေ့ဆုံ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများထံမှ မျိုးဆက်သစ်များက ဘာတွေကို စံနမူနာယူကြမလဲ ခေါင်းစဉ်ဖြင့် မေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏သမီး**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

အာဇာနည်စိတ်ဓာတ်က တကယ်တော့ ရိုးရိုးရှင်းရှင်းလေးပါပဲ။ ကိုယ့်ရဲ့အကျိုးထက် အများအကျိုးကို ရှေ့ထားတယ်ဆိုတာ အာဇာနည်စိတ်ဓာတ်ရဲ့ အရင်းခံပဲ။ ကိုယ့်အကျိုးထက် အများအကျိုးကို ရှေ့တန်းတင်ရင် အာဇာနည်ပေါ့။ အဓိက အဓိပ္ပာယ်တွေကတော့ သက်သက်ပေါ့။ တကယ်တော့ အများအကျိုးမရှိတဲ့ကိစ္စဟာ နောက်ဆုံးမှာ ကိုယ့်အတွက်လည်း အကျိုးမရှိနိုင်ဘူး။ အဲဒီဘက်ကကြည့်ရင်ကို အများအကျိုးကို အမြဲရှေ့ထားဖို့ လိုအပ်တယ်။

အဓိကကတော့ အာဇာနည်ဆိုတာ ဘာလဲ၊ အာဇာနည်နေ့ဆိုတာ ဆင်ခြင်ရမယ့်နေ့ပေါ့။ ပြည်သူတွေက နောက်ဆုံးမှာ သတ်မှတ်တာပါပဲ။ ဘယ်လိုလူမျိုးကို အာဇာနည်လို့ခေါ်မလဲ၊ လက်ခံမလဲဆိုတာ ပြည်သူတွေက သတ်မှတ်တာပါပဲ။ ဒါကြောင့် အာဇာနည်နေ့ဆိုတာ အဓိက ပြည်သူတွေနဲ့ဆိုင်တာပေါ့။ ပြည်သူတွေကြောင့် ပေါ်ပေါက်လာတဲ့နေ့ပေါ့။ အဲဒါကိုတော့ သတိပြုစေချင်တယ်။ နောက်ဆုံးကျတော့ နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကိုဆုံးဖြတ်တာ ပြည်သူတွေပဲဆိုတာပါပဲ။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မျိုးဆက်သစ်တွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို အတုယူစရာက ကိုယ်ကျင့်သိက္ခာပဲ။ ပြောဆိုလုပ်ကိုင်မှုတွေလည်း ပြတ်သားတာတွေပေါ့။ ဗိုလ်ချုပ်ဆီက ယူရမယ်ဆိုရင်တော့ အများကြီးပဲ။ ကျွန်တော်တို့ကိုယ်တိုင်လည်း ယူခဲ့ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝထဲက ဗိုလ်ချုပ်ရဲ့ပြောဆို လုပ်ကိုင်မှုတွေပေါ့။ အတုယူစရာ အများကြီးရှိပါတယ်။ ပြောရမယ်ဆိုရင် ပြောစရာ အများကြီးရှိတယ်။ ယူတတ်ရင် အများကြီးရပါတယ်လို့ ပြောလိုပါတယ်။

ရဲဘော်သုံးကျိပ်အပါအဝင် ပြည်သူလူထု ကြိုးစားအားထုတ်ခဲ့တဲ့ လွတ်လပ်ရေးပါ။ နှစ်ပေါင်း (၇၀) ကြာခဲ့ပါပြီ။ ဗိုလ်ချုပ်တို့ရဲ့ ကျေးဇူးကိုလည်း လုံးဝမမေ့ဖို့လိုပါတယ်။ ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်း ထာဝရတည်တံ့နေအောင် တိုင်းရင်းသားပြည်သူအားလုံးနဲ့ တပ်မတော်က လက်တွဲဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။ အဓိကကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးကို မမေ့ဖို့လိုတယ်ဆိုတာ ပြောချင်ပါတယ်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီး မျိုးဆက်သစ်တွေ အတုယူအားကျသင့်တဲ့ အချက်အလက်ပေါင်းများစွာရှိပါတယ်။ ပြောလို့တောင် ကုန်နိုင်မှာမဟုတ်ပါဘူး။ အဓိကကတော့ ရိုးသားဖြောင့်မတ်ခြင်းနဲ့ သတ္တိရှိခြင်းပါ။ ရိုးသားဖြောင့်မတ်တဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ငယ်စဉ် ကျောင်းသားဘဝကတည်းက စတင်လာခဲ့ပြီး တစိုက်မတ်မတ် ရိုးသားဖြောင့်မတ်မှုကို လက်ကိုင်ပြုခဲ့ပါတယ်။ သူ့ရဲ့ရိုးသားဖြောင့်မတ်မှုကို ဘယ်အရာနဲ့မှ မလဲခဲ့ပါဘူး။ မည်သည့် အခွင့်၊ အာဏာ၊ မက်လုံးတို့နဲ့လည်း မလဲခဲ့ပါဘူး။ တောက်လျှောက် လက်ကိုင်ပြုခဲ့တယ်။ နောက်ပြီး သတ္တိရှိတယ်။ အမှန်တရားပေါ်ကို ရပ်တည်ပြီးမှ သတ္တိကို မွေးမြူထားတယ်။ အမှန်တရားနဲ့ ပတ်သက်လာရင် ရပ်တည်ချက်သတ္တိက တစ်ပြားသားမှ အလျှော့မပေးပါဘူး။ ဘယ်လို ဖိအားပေးခြိမ်းခြောက်ခြောက် ယိမ်းယိုင်မသွားပါဘူး။ ဒါသည် အင်မတန်ကောင်းတဲ့ ဂုဏ်အင်္ဂါအရည်အသွေးတစ်ရပ် ဖြစ်ပါတယ်။

နောက်တစ်ချက်က ကိုယ်ကျိုးစွန့်လွှတ်မှု ဖြစ်ပါတယ်။ သူသည် မျိုးရိုးဗီဇအရလည်းကောင်း၊ ပင်ကိုသဘာဝအရလည်းကောင်း သူ့ရဲ့အတ္တထက် ပရကို ဦးစားပေးစွန့်လွှတ်ခဲ့ပါတယ်။ ပရဆိုတဲ့နေရာမှာ သူ့နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားများကိုပဲ ဘဝမှာ သယ်ပိုးရွက်ကန်မယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ သူ့ဘဝတစ်သက်တာလုံး သက်တမ်းမရှည်ကြာသော်လည်း ကိုယ်ကျိုးစီးပွား ဘာမှမလုပ်ခဲ့ပါဘူး။ တကယ်လို့ သက်တမ်းရှည်ကြာခဲ့မယ်ဆိုလည်း မည်သည့် ကိုယ်ကျိုးစီးပွားမှ လုပ်မှာမဟုတ်ပါဘူး။ အားလုံးသိတဲ့အတိုင်း နိုင်ငံအတွက် အသက်ပေးချိန်အထိ အဝတ်အထည် ၃၊ ၄ စုံလောက်နဲ့ နေသွားပါတယ်။ မည်သည့် စည်းစိမ်၊ ဥစ္စာ၊ ဇိမ်ခံမှုမှ မရှိခဲ့ပါဘူး။ ဒါသည် သူ့ရဲ့ မြင့်မားလှတဲ့ အာဇာနည်ဂုဏ်အင်္ဂါ အရည်အသွေးတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံနဲ့ လူမျိုးအတွက် အရာရာကို ရင်ဆိုင်ရဲတယ်၊ ဘယ်လို အတားအဆီးတွေ တွေ့တွေ့ မတုန်မလှုပ် မယိမ်းမယိုင်နဲ့ ရပ်တည်သွားတယ်။ နောင် နှစ်ပေါင်းတစ်ထောင်၊ နှစ်ထောင်အထိ မြန်မာပြည်သူတွေကြားမှာ ကိန်းအောင်းရှင်သန်နေမှာ ဖြစ်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး**
**သခင်မြ၏သား ဦးရဲမြင့်အောင်**

အာဇာနည်ခေါင်းဆောင်ကြီးတွေ တိုင်းပြည်အတွက် ဘယ်လိုလုပ်ခဲ့တယ်၊ ကိုယ်ကျိုးစွန့်ပြီးဆောင်ရွက်ခဲ့တယ်။ ဒီလိုစိတ်ဓာတ်တွေ တော်တော်များများ ရှိသင့်ပါတယ်။ တိုင်းပြည် ပြုပြင်ပြောင်းလဲနေတဲ့အချိန်မှာ ကိုယ့်အတ္တတွေလျှော့၊ ဘာရမှ ဘာလုပ်မယ်ဆိုတဲ့ စိတ်တွေလျှော့ပြီးတော့ ကိုယ့်ဘက်က တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်ရင် ပိုကောင်းမှာဖြစ်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး**
**ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်စင်ချို**

အဘိုးက စွယ်စုံထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဂီတအနုပညာရော၊ သတင်းစာပညာရောပါ။ မျိုးဆက်သစ်တွေအနေနဲ့ အဘိုးထံက ဘာကိုအတုယူစေချင်လဲဆိုတော့ စိတ်ဓာတ်ရယ်၊ အထူးသဖြင့် သတင်းစာနဲ့ပတ်သက်လို့ သတင်းစာဆရာတွေကို အဘိုးမှာကြားခဲ့တဲ့စကားအတိုင်း တိုင်းပြည်အတွက် အကျိုးရှိတဲ့ သတင်းမျိုးရော၊ အကျိုးရှိတဲ့ ကိစ္စမျိုးရော၊ ဒါမျိုးတွေ အသားပေးပြီးတော့ လုပ်ဆောင်စေချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏**
**သားအငယ်ဆုံးဖြစ်သူ ဦးထွေးဝင်း**

အားလုံးက စာဖတ်ကြပေါ့နော်။ ပြီးတော့ အလုပ်လုပ်ကြပေါ့။ လူငယ်တွေ စာဖတ်ရမှာဖြစ်တယ်။ အရေးကြီးတယ်။ စာမဖတ်တော့ တိုင်းပြည်က သိပ်နစ်နာတယ်။ နောက်ကျတယ်။ တိုင်းပြည်မှာ ပြန်လည်ထူထောင်ရေးတွေ အများကြီးလုပ်ဖို့ လိုအပ်တယ်။

**အာဇာနည်ခေါင်းဆောင်ကြီး**
**မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား စဝ်ကိုင်ဖ**

အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ဆောင်သွားတဲ့ လုပ်ငန်းစဉ်တွေကို လူငယ်တွေက ဦးစီးပြီးတော့ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး**
**မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်**

ဘယ်လုပ်ငန်းကိုမဆို သစ္စာရှိရှိ၊ တာဝန်သိသိနဲ့ လုပ်ဆောင်ကြပါလို့ ပြောလိုပါတယ်။ ဖခင်က ကိုယ့်လူမျိုး၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သူ၊ အစ္စလာမ်ဓမ္မဗိမာန် ဆော်ဩရေးမှူး အယ်လ်ဟာဂျ် ဒေါက်တာဆောင်းလွင်အောင်၊ ဂျူးဘာသာခေါင်းဆောင် ဆမ်မီ၊ နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာရေးအဖွဲ့ချုပ်အဖွဲ့ဝင် ဦးရွှေသီးနှင့် ရန်ကုန်ကက်သလစ်သာသနာ လက်ထောက် ဆရာတော် ဂျွန်စောယောဟန်တို့က မေတ္တာစကားများ ပြောကြားကြပြီး ကိုးကွယ်ရာ ဘာသာများအလိုက် ဆုတောင်းမေတ္တာ ပို့သကြသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာတော် ဒေါက်တာဇော်ဝင်းက ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပရိသတ်များက ဓမ္မဂုဏ်တော်ချီးမွမ်းပြီး ဂိုဏ်းချုပ်ဆရာတော် ဦးလူအေးက ကောင်းချီးမင်္ဂလာပေး၍ ဆုတောင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❒ စာမျက်နှာ ၅ မှ

ကိုယ့်ဇာတိကို ချစ်တယ်။ အဲဒါထက်ပိုမိုကျယ်ပြန့်တဲ့ အမျိုးသားရေးစိတ်ဓာတ် အခံရှိတယ်၊ အမြဲတမ်း ပြတ်ပြတ်သားသား အလုပ်လုပ်တယ်လို့ပြောလိုပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇက်၏မြေး ဦးမြတ်ထူးရာဇက်**

အဓိကကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ပြောကြားခဲ့တဲ့အတိုင်း တိုင်းပြည်ချစ်မြတ်နိုးစိတ်၊ တိုင်းပြည်ရဲ့လွတ်လပ်ရေးကိုမြတ်နိုးစိတ်၊ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်မှုနဲ့ ညီညွတ်မှုတွေက အဓိကအရေးကြီးတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏သားအငယ်ဆုံး ဒေါက်တာမင်းမြင့်**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။ ဒါကို နောင်လာနောက်သားတွေအနေနဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ပုံကိုင်ပုံ၊ အနေအထိုင်၊ အပြောအဆိုကို အတုယူသင့်ပါတယ်။ ဒီလို အမျိုးသားခေါင်းဆောင်မျိုးက တစ်ခေတ်မှာတစ်ခါပဲ ပေါ်မှာပါ။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကို အတုယူလေးစားသင့်ပါတယ်လို့ ပြောချင်ပါတယ်။

**အာဇာနည်ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို(အငြိမ်းစား)**

အာဇာနည်ကြီးတွေ လမ်းညွှန်ခဲ့တာတွေက အများကြီးပါ။ အဓိကကတော့ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်ပါပဲ၊ လိုက်နာလို့ မကုန်နိုင်တာတွေပါ။ ခုထိလည်း ခေတ်မီနေသေးတယ်။ ပြည်သူတွေကိုပြောချင်တာကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ပြောကြားခဲ့သလို မိန့်မှာချက်၊ လမ်းညွှန်ချက်တွေကို ပြန်သတိရပြီးတော့ လိုက်နာသင့်တာ လိုက်နာဖို့ဖြစ်တယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ အင်မတန်အရေးကြီးတယ်။ ငြိမ်းချမ်းရေးက အင်မတန်အရေးကြီးတယ်။ ဒီလမ်းညွှန်ချက်နဲ့အညီ လိုက်နာကျင့်သုံးဖို့၊ လူငယ်တွေအနေနဲ့ကလည်း အသက်ငယ်သေးတယ်။ ဘာမှမလုပ်နိုင်သေးဘူးဆိုပြီး စိတ်အားငယ်စရာမလိုဘူး။ သူရသတ္တိရှိခြင်း၊ သစ္စာစောင့်သိခြင်း၊ စွန့်လွှတ်စိတ်နဲ့ အနစ်နာခံတတ်ခြင်းဆိုတဲ့ ဒီလိုစိတ်ဓာတ်တွေနဲ့ လူငယ်တွေ ကြိုးစားကြဖို့ မှာချင်ပါတယ်။

# Y-8 ပျက်ကျရာတွင် ပါရှိသွားသော မိသားစုများအတွက် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများအား ကျန်ရစ်သူမိသားစုဝင်အမွေခံများထံသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၉**

တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ပျက်ကျရာတွင် ပါရှိသွားသော လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများအား သက်ဆိုင်ရာကျန်ရစ်သူမိသားစုဝင်အမွေခံများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံ၊ တပ်မတော်အရာရှိကြီးများနှင့် ကျန်ရစ်သူမိသားစုဝင် အမွေခံများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက လှူဒါန်းငွေများလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ရေးချုပ်က တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ပျက်ကျရာတွင်ပါရှိသွားသည့် လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်ရစ်သူမိသားစုများအား လှူဒါန်းငွေများကို လွှဲပြောင်းပေးအပ်ပြီး ကျန်ရစ်သူ မိသားစုများအား အားပေးစကားပြောကြားသည်။

ယနေ့ကျင်းပသည့် လှူဒါန်းငွေများ လွှဲပြောင်းပေးအပ်ပွဲတွင် ပျက်ကျလေယာဉ်ဖြင့်ပါရှိသွားသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ်ဆယ်ယူရာတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် အဏ္ဏဝါမင်းရေငုပ်အဖွဲ့မှ အသက်ဆုံးရှုံးသူ ဦးစောနောင် အပါအဝင် အသက်ဆုံးရှုံးရသူ ၁၇ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၂၀၅၈၅၀၀၀ ကို ကျန်ရစ်သူ မိသားစုဝင်အမွေခံများအား လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ကျန်ရှိသည့် အသက်ဆုံးရှုံးရသူများ၏ အမွေခံများကိုလည်း ဇူလိုင် ၂၀ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ အခမ်းအနားဖြင့် ဆက်လက်ပေးအပ် သွားမည်ဖြစ်သည်။ ယခုပေးအပ်သည့် လှူဒါန်းငွေများသည် ဇူလိုင် ၁၇ ရက်အထိ လက်ခံရရှိထားသည့် လှူဒါန်းငွေများဖြစ်ပြီး လှူဒါန်းငွေများထပ်မံရရှိပါက ဆက်လက်လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်ပေါင်း ခုနစ်သောင်း ခင်းကျင်းရောင်းချပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်ပေါင်း ခုနစ်သောင်း ခင်းကျင်းရောင်းချပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လသာမြို့နယ် သံဈေး(ငါးလွှာ)ရှိ Yangon Book Plaza ၌ ကျင်းပသည်။



အဆိုပါ စာအုပ်ရောင်းချပွဲကို နံနက် ၉ နာရီတွင် စတင်ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုသည့်အနေဖြင့် ဥသြဆွဲခြင်းကို ပြုလုပ်ခဲ့သည့်အပြင် စာပေဝါသနာရှင်များအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ရေးဖွဲ့ထားသော ဂုဏ်ပြုတေးသီချင်းများကိုလည်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ စာအုပ်ရောင်းချပွဲနှင့်ပတ်သက်၍ Yangon Book Plaza တည်ထောင်သူ စာရေးဆရာ မြေမှုံလွင်က“အာဇာနည်ခေါင်းဆောင်ကြီးတွေ အကုန်လုံးက စာဖတ်ကြသလို လူငယ်တွေအားလုံးကိုလည်း စာဖတ်စေချင်ကြတယ်။ သူတို့မြင်ချင်၊တွေ့ချင်တဲ့တိုင်းပြည်၊ တည်ဆောက်ချင်တဲ့ တိုင်းပြည်မျိုးဖြစ်အောင် လူငယ်တွေ စာဖတ်ဖို့လိုပါတယ်။ ဒါ့ကြောင့် အခြေခံလူတန်းစားတွေ အနေနဲ့ ကော်ဖီတစ်ခွက်စာ လောက်ပဲရှိတဲ့ ငွေကြေးနှုန်းထားမျိုးနဲ့ စာအုပ်တွေကို အထူးဈေးလျှော့ပြီး ရောင်းချပေးနေတာပါ။ ဒီပွဲရဲ့ အဓိကအနှစ်သာရကတော့ လူငယ်တွေလက်ထဲကို စာအုပ်တွေ ရောက်သွားစေချင်တာဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်တွေအတွက် လက်လှမ်းမီရာ စာအုပ်အမျိုးအစားတွေကို ရွေးချယ်ပြီးရောင်းချပေးနေတာပါ”ဟုပြောသည်။

ထိုသို့ရောင်းချရာတွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် စာအုပ်များအပြင် ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ လုံးချင်းဝတ္ထု၊ ပုံပြင်၊ ကဗျာ စသည်ဖြင့် စာအုပ်အမျိုးအစား စုံလင်စွာပါရှိပြီး စာအုပ်ဈေးနှုန်းများမှာ အနည်းဆုံး ငွေကျပ် ၂၀၀ မှ အများဆုံး ၅၀၀ ကျပ်အထိသာရှိကြောင်း သိရသည်။

“ဒီနေရာက စာအုပ်တွေလည်းစုံတယ်။ ဈေးနှုန်းလည်းသက်သာတဲ့အတွက် မကြာခဏရောက်ပါတယ်။ အခုလို အထိမ်းအမှတ်ပွဲတွေ လုပ်တာကောင်းပါတယ်။ လူငယ်တွေအတွက် အသိပညာ၊ ဗဟုသုတတွေများလာတာပေါ့”ဟု လှိုင်သာယာမြို့နယ်မှ စာပေဝါသနာရှင် ကိုဒီရဲက ပြောသည်။

အဆိုပါ စာအုပ်ရောင်းချပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ည ၇ နာရီ အတွင်း ခင်းကျင်းရောင်းချသွားမည်ဖြစ်ပြီး ဈေးနှုန်းချိုသာသည့်အတွက် စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ စည်ကားလျက်ရှိကြောင်းသိရသည်။

Yangon Book Plaza တွင် စာရေးဆရာကြီးများ၏ အထိမ်းအမှတ်ပွဲများနှင့် ကဗျာရွတ်ပွဲ၊ စာပေဆွေးနွေးပွဲ အစရှိသည့် စာပေလှုပ်ရှားမှုများကို မကြာခဏပြုလုပ်လေ့ရှိသည့်အပြင် လူငယ်များအတွက် ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့်ပွဲများကိုလည်းမကြာခဏ ကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

# စောင့်လေအာဇာနည်မျိုးနွယ်

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

မိဘတွေကွယ်လွန်ကြတဲ့အခါ ကျန်ရစ်သူ သားသမီးတို့က ရက်ပတ်လည်၊ လပတ်လည်၊ နှစ်ပတ်လည် လို့ သတ်မှတ်ပြီး ဆွမ်းသွတ်အမျှဝေရတာကို တချို့က "မကျွတ်မလွတ်သေးရင်ကျွတ်လွတ်ဖို့"လို့ ထင်နေတတ်ကြတယ်။

မြတ်စွာဘုရားရှင်က အင်္ဂုတ္တိုရ်၊တိကနိပါတ်၊ နိဝေသကသုတ်မှာ သရဏဂုံခိုင်မြဲသူတိုင်းဟာ. . မကျွတ်မလွတ်တာတို့ . . အပါယ်ကျတာတို့ လုံးဝ မရှိနိုင်ဘူး (နေတံ ဌာနံ ဝိဇ္ဇတိ)လို့ဆိုပါတယ်။

ဒါဖြင့် ဘာကြောင့်ကုသိုလ်ပြုအမျှဝေရသလဲ ဆိုတော့ သားသမီးကောင်းကျင့်ဝတ်ငါးပါးမှာ မိဘများအသက်ရှင်စဉ် ပြုရမှာက "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ"ဆိုပြီး သုံးခုရှိတယ်။ မိဘများကွယ်လွန်သွားကြတဲ့အခါကျတော့ "လှူမျှဝေ၍၊စောင့်လေမျိုးနွယ်"ဆိုတဲ့ "ဘဝခြားတာဝန်နှစ်ခု"ကို ဆက်လက်ဆောင်ရွက်နေရပါမယ်ဆိုတဲ့ အတိုင်း အခုကုသိုလ်ပြု အမျှအတန်းပေးဝေကြရတာပါ။ ဒါဟာသားသမီးကောင်းတို့ရဲ့ "ဘဝခြားတာဝန်"ကျေဖို့ပါ။

"လှူမျှဝေ၍"ပြီးနောက်ထပ် သားသမီးတို့ရဲ့ "ဘဝခြားတာဝန်"က "စောင့်လေမျိုးနွယ်"တဲ့။ "လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း"နဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတို့ဟာ အမည်သညာကကို "အာဇာနည်"လို့ထင်ရှားပြီးသား၊ မြန်မာစကားမှာ "စောင့်လေမျိုးနွယ်"နဲ့ဆက်စပ်တဲ့ ဆိုရိုးစကားတစ်ခုရှိတယ်၊ "ချောင်းရိုး၊မြောင်းရိုးသာ တိမ်ချင်တိမ်ကောစေ လူမျိုး၊လူရိုးမတိမ်ကောစေနဲ့"တဲ့။

အဲဒီတော့ အာဇာနည်တို့ရဲ့ သားသမီးမှန်ရင် အာဇာနည်လုပ်ရိုးလုပ်စဉ်ကို စဉ်ဆက်မပြတ်အောင် လုပ်ကို လုပ်နေရမှာ၊ မနှစ်ကလည်းနည်းနည်းပြောခဲ့ပါတယ်။ အာဇာနည်ဆိုတာ "မျိုး"ဖြစ်ရုံနဲ့မပြီးသေးဘူး၊ "မျိုးရိုး"ဖြစ်ရမယ်၊ "ရိုး"ဆိုတာ "ချောင်းရိုး၊ မြောင်းရိုး"ဆိုတဲ့ "ရိုး"လို "စဉ်ဆက်မပြတ်" စီးဆင်းနေရမှာပါ။ "အာဇာနည် မျိုးရိုးပီသချင်ရင် အာဇာနည်အလုပ်ကိုတာဝန်အရ စဉ်ဆက်မပြတ်လုပ်ဆောင်နေရမှာ"လို့ ဆိုလိုတာပါပဲ။

ဒီနေရာမှာ "အာဇာနည်တို့ရဲ့မျိုးရိုး"ဆိုတာက အားလုံးသိကြတဲ့အတိုင်း တပ်မတော်ကလည်း ဗိုလ်ချုပ်အောင်ဆန်းကို "တပ်မတော်ရဲ့ဖခင်ကြီး" လို့ သတ်မှတ်ထားကြတာပဲ။ ပြည်သူအားလုံးကလည်း အာဇာနည်ပုဂ္ဂိုလ်အားလုံးကို"နိုင်ငံ့ ဖခင်ကြီးများ" လို့ သတ်မှတ်ထားကြတာပဲဆိုတော့ "စောင့်လေမျိုးနွယ်"ဆိုတဲ့ တာဝန်ဟာ"အရပ်ဘက်ရော၊ တပ်ဘက်ရော ပြည်ထောင်စုသား ရဟန်းရှင်လူ အားလုံးရဲ့တာဝန်ဖြစ်တယ်"ဆိုတာကိုလည်းခံယူကြဖို့လိုပါတယ်။ ဆောင်ရွက်ရာမှာတော့ ဝိနည်းစည်း၊ ဥပဒေစည်းများနဲ့အညီပေါ့။

အာဇာနည်မျိုးရိုးနဲ့ဆက်စပ်ပြီး"အာဇာနည်နဲ့ အာဇာနည်တို့ရဲ့တာဝန်"ကိုလည်း နည်းနည်းပြောချင်ပါတယ်။

အာဇာနည်ဆိုတာ "အများရဲ့ ဒုက္ခလွတ်မြောက်ရေးကို ကြောင်းကျိုးဆင်ခြင် အထူးသိမြင်တတ်သူ၊အများကလည်း အထူးသိမှတ်လေးစားထိုက်သူ" လို့ အဓိပ္ပာယ်ရပါတယ်။

ဘုရားအလောင်းကို "အာဇာနည်"လို့ခေါ်ဆိုကြတာဟာ ဒီပင်္ကရာမြတ်စွာဘုရားနဲ့ စတွေ့စဉ် သုမေဓာဘဝက ကိုယ်ကျိုးအတွက်ဆိုရင် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကိုချက်ချင်းရနိုင်တဲ့ အခွင့်အရေးကို စွန့်လွှတ်ပြီး အများဒုက္ခကယ်တင်ရေးလမ်းကို ရွေးခဲ့လို့ပါပဲ။

လူအများအပေါ် အထူးသိတတ်သူများပီပီ လူအများရဲ့ဆင်းရဲဒုက္ခတွေကိုလည်း ကရုဏာ၊ ဥပါယကောသလ္လ ဉာဏေန- ကရုဏာအပြည့်နည်း၊ ပရိယာယ်ကြွယ်ဝတဲ့ ဉာဏ်ပညာအပြည့်နဲ့ ဖြေရှင်းကူညီပေးတတ်သူတွေဖြစ်ပါတယ်။

အာဇာနည်တို့ရဲ့တာဝန်ဆိုတာ အဲဒီလိုဆင်းရဲဒုက္ခတွေကို ဖြေရှင်းကူညီပေးရေးပဲဖြစ်ပါတယ်။ ကူညီဖြေရှင်းပေးရတဲ့ ဒုက္ခအမျိုးအစားလိုက်ပြီး အာဇာနည်ပုဂ္ဂိုလ်နှစ်မျိုး ကွဲပြားပါတယ်။

လူအများ ကြုံတွေ့နေရတဲ့ ဆင်းရဲဒုက္ခက အခြေခံအားဖြင့် နှစ်မျိုးရှိပါတယ်-

(၁)သံသရာတစ်လျှောက် ကြုံတွေ့ခံစားနေရတဲ့ "သံသရာ့ဒုက္ခ"နဲ့

(၂)ခုလက်ရှိဖြစ်နေဆဲဘဝမှာ ကြုံတွေ့ခံစားနေရတဲ့ "ဘဝဒုက္ခ"တို့ပါ။

(၁) သံသရာ့ဒုက္ခဆိုတာ-

ဒုက္ခသစ္စာမှာ အစဦးဆုံးပြထားတဲ့ "မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစက်လည်"ဒုက္ခပါ။ ဘုရားဖြစ်ဖြစ်ချင်း ကျူးရင့်တဲ့ "အနေကဇာတိ သံသာရံ. . ဒုက္ခာ ဇာတိ ပုနပ္ပုနံ"အရ ဘဝအထပ်ထပ်မွေးအိုနာသေတွေနဲ့ လည်နေရတာ "သံသရာ" လို့ မြတ်စွာဘုရားရှင်သတ်မှတ်တော်မူခဲ့တဲ့အတိုင်းပါပဲ။

(၂) ဘဝဒုက္ခဆိုတာကတော့-

ဒုက္ခသစ္စာရဲ့ ဒုတိယအတွဲဖြစ်တဲ့ "အပ္ပိယေဟိ သမ္ပယောဂေါ=မကျေနပ်စရာများနဲ့ တွေ့ကြုံနေရခြင်း၊ ပိယေ ဟိ ဝိပ္ပယောဂေါ =ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံခြင်း" ဆိုတဲ့ ဒုက္ခနှစ်မျိုးပါ။

နံပါတ်(၁)ဖြစ်တဲ့ မွေး၊ အို၊ နာ၊ သေ သံသရာ့ဒုက္ခက လွတ်မြောက်ချမ်းသာသွားတယ်ဆိုတာ လောကသုံးပါးလုံးက လွတ်မြောက်သွားတဲ့ချမ်းသာဖြစ်လို့"လောကုတ္တရာချမ်းသာ"လို့ခေါ်ပါတယ်။ ဒီချမ်းသာရောက်အောင် စွမ်းဆောင်ကူညီပေးနိုင်တဲ့ အာဇာနည်ကို "လောကုတ္တရာအာဇာနည်"လို့ ဆိုရမှာပါ။ အဲဒါကတော့ သဗ္ဗညုဘုရားရှင်များပါပဲ။

နံပါတ်(၂)ဘဝဒုက္ခဆိုတာကိုက လောကီနယ်ဖြစ်တော့-

ဘဝဒုက္ခနှစ်မျိုးက လွတ်မြောက်အောင် စွမ်းဆောင်ကူညီပေးသူကို "လောကီအာဇာနည်" လို့ဆိုရမှာပေါ့။ အခု လောကကသတ်မှတ်ထားတဲ့ အာဇာနည်တွေဟာ လောကီအာဇာနည်တွေပါပဲ။

လောကီအာဇာနည်တို့ရဲ့ အဓိကတာဝန်က ကိုယ်နဲ့ဆက်စပ်ရာ လူအပေါင်းရဲ့ ဘဝဒုက္ခနှစ်မျိုး လွတ်မြောက်ရေးပါ။

✻မကျေနပ်စရာများနဲ့ တွေ့ကြုံနေရခြင်း၊

✻ကျေနပ်စရာများ မတွေ့ကြုံ၊မပြည့်စုံခြင်းတို့က ကင်းလွတ်အောင်ပေါ့။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေဆိုတာလည်း "မြန်မာပြည်သူတွေ သူ့ကျွန်ဘဝနဲ့ မကျေမနပ် ခံစားနေရတဲ့ ဒုက္ခကလွတ်စေဖို့"နဲ့ "တရားမျှတလွတ်လပ်ခြင်းနဲ့ ခွင့်တူညီမျှ ဝါဒဖြူစင်ခြင်း" ဆိုတဲ့ ကျေနပ်စရာများ ပြည့်စုံရေးအတွက်ပါပဲ။ ဒီနှစ်မျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြလို့ "အာဇာနည်" လို့ ခေါ်ရတာပါ။

"အာဇာနည်"ဆိုတာ "တိုင်းပြည်အတွက် အသက်ပေးတယ်" ဆိုရုံနဲ့ မဖြစ်သေးပါဘူး။ ပြည်သူအပေါင်း "မကျေနပ်စရာများက ကင်းလွတ်ရေးနဲ့ ကျေနပ်စရာများ ပြည့်စုံရေး"ဆိုတဲ့ မွန်မြတ်ကြီးမားတဲ့ ရည်ရွယ်ချက်နှစ်ခုလည်း ရှိမှ၊ အသက်ကိုပဓာနမထားဘဲလည်း စွန့်စားအားထုတ်မှသာ"အာဇာနည်"ပါ။

"လူ့အခွင့်အရေးချို့တဲ့တယ်" ဆိုတဲ့စကားကို မြန်မာပြည်မှာလည်း အတော် ပြောနေကြပါပြီ၊ ဒါပေမဲ့ "ဘာတွေ ဘယ်လိုချို့တဲ့နေသလဲ" လို့ မေးရင်တော့ ရေရေရာရာပြောနိုင်သူနည်းတယ်၊ မြတ်စွာဘုရားရှင်အလိုတော်အရ လူ့အခွင့်အရေးချို့တဲ့ခြင်းကတော့ ဒီ "ဘဝဒုက္ခနှစ်မျိုးပါပဲ"တဲ့။

**(၁) မကျေနပ်စရာများနဲ့ တွေ့ကြုံနေရတာရယ်. . .**

**(၂)ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံတာရယ်ပေါ့။**

စဉ်းစားကြည့်လိုက်ရင် မကျေနပ်စရာများနဲ့ တွေ့ကြုံနေရသူဟာ

(က) ခံစားချက်အရ "ကြောက်ရွံ့"နေရပါတယ်၊ ကြောက်ရွံ့ရလွန်းတဲ့အခါ-

(ခ) ရိုးသားခွင့်တွေ ဆုံးရှုံးချို့တဲ့ကုန်ပါတယ်၊ ကြောက်လွန်းတော့ လိမ်ရတော့တာကိုး၊ လိမ်ရပြီဆိုကတည်းက ဘယ်ရိုးသားတော့မလဲ။

လူတိုင်းမှာ "ရိုးသားခွင့်၊ ကြိုးစားခွင့်"ဆိုတာ မွေးရာပါ လူ့အခွင့်အရေးအစစ်ပါ။ ဒါက ကြံဖန်ပြောနေတာ မဟုတ်ပါဘူး။ လူဆိုတာ ကုသိုလ်ကံမျိုးစေ့(ဗီဇဓာတ်)နဲ့ ဖြစ်လာရတာပါ။

ကုသိုလ်ဆိုတာ-

-အနဝဇ္ဇ= အပြစ်ကင်းခြင်း (ဒါက-ရိုးသားခွင့်ပါ)။

-သုခဝိပါက =ကောင်းကျိုးချမ်းသာပေးခြင်း (ဒါက-ကြိုးစားခွင့်ပါ)။

ဒီနှစ်ခုက လူတိုင်းရဲ့ ပင်ကိုဗီဇဓာတ်ခံလို့ အဘိဓမ္မာကျမ်းများက ဖွင့်ဆိုထားတာပါ။ဒါကြောင့် "ရိုးသားခွင့်၊ ကြိုးစားခွင့်" ဆုံးရှုံးတာဟာ မွေးရာပါ လူ့အခွင့်အရေးဆုံးရှုံးတယ်လို့ ဆိုရတာပါ။

ဒီအခွင့်အရေး ပြန်လည်ရရှိရေးဟာ လောကီအာဇာနည်တို့ရဲ့ ပထမဦးစားပေး တာဝန်ကြီးပါ။ ရိုးသားခွင့် ရဖို့အတွက်-

(က) ကြောက်ရွံ့ခြင်း ကင်းအောင် လုပ်ပေးရပါမယ်။ ကြောက်ရွံ့ခြင်းကင်းဖို့အတွက်-

(ခ) မကျေနပ်စရာများ မတွေ့မကြုံရအောင် လုပ်ပေးရပါမယ်။

ဒီပြဿနာပြေပျောက်ဖို့ အခြေခံက-

နိုင်ငံတော်သီချင်းမှာ ဝန်ခံထားတဲ့အတိုင်း-

"တရားမျှတ လွတ်လပ်ခြင်း" အပြည့်အဝရကြဖို့ပါ၊ တရားမျှတမှု ရရှိလာတာနဲ့အမျှ မကျေနပ်စရာများ ကင်းပြီး ရိုးသားခွင့်တွေ ရရှိသွားမှာပါ။

လူတွေကို ကြောက်ရွံ့ခြင်းကင်းဝေးပြီး ရိုးသားခွင့် အပြည့်အဝရအောင် ကူညီဆောင်ရွက်ပေးခြင်းဟာ-

"သဗ္ဗပါပဿ အကရဏံ= မကောင်းမှုကိုရှောင်" ဆိုတဲ့ သာသနာ့အခြေခံ တည်တံ့အောင် အားထုတ်ခြင်းလည်း မည်ပါတယ်။

နောက်ထပ် ဘဝဒုက္ခတစ်ခုက ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံရခြင်းပါ။ ကျေနပ်စရာဆိုတဲ့ ဘဝရဲ့ လိုအပ်ချက်တွေ ချို့တဲ့လွန်းတဲ့သူဟာ-

(က) ခံစားချက်အရ "မျှော်" နေရပါတယ်၊ မျှော်ရလွန်းတဲ့အခါ-

(ခ) ကြိုးစားခွင့်နဲ့ ယဉ်ကျေးခွင့်တွေ ဆုံးရှုံးကုန်ပါတယ်။ အကြာကြီး စောင့်နေရပြီးမှ ကြုံလာတာမျိုးဆိုတော့ အချိန်ရှိခိုက် လုံ့လစိုက် ကြိုးစားခွင့်လည်း ရှုံးပါတယ်။


ကား၊ ရထားလို မျှော်ရတဲ့ အရာမျိုးကျတော့ အိုမင်းသူ၊ မစွမ်းသူတို့ကို ဦးစားပေးတာတွေ ဘာတွေ မစဉ်းစားနိုင်တော့ဘူး၊ သူ့ထက်ငါ လုယက်တက်ရတော့ တာဆိုတော့ ဘယ် ယဉ်ကျေးနိုင်တော့မလဲ။

ဒီအခွင့်အရေး ပြန်လည်ရရှိရေးဟာ လောကီအာဇာနည်တို့ရဲ့ ဒုတိယတာဝန်ကြီးပါပဲ၊ ကြိုးစားခွင့်၊ ယဉ်ကျေးခွင့်ရဖို့အတွက်-

(က) မျှော်ရခြင်းကင်းအောင် လုပ်ပေးရပါမယ်။ မျှော်ရခြင်းလွတ်ကင်းဖို့ဆိုရင်-

(ခ) လမ်းပန်းဆက်သွယ်ရေးတို့၊ လျှပ်စစ်မီးတို့၊ စက်ရုံ၊ အလုပ်ရုံတို့လို အခြေခံလိုအပ်ချက်တွေကို ပြည့်စုံအောင် လုပ်ပေးရပါမယ်။

တောင်တွင်းကြီး နတ်မှီတောရဆရာတော်ကြီး ပြောဖူးတဲ့စကားတစ်ခုရှိတယ်။ "သုဂတိ လူ့ဘုံသား စင်စစ်ကြီးဖြစ်ပါလျက် လူ့ဘဝဇာတ်ခုံပေါ်မှာ "အကြောက်နဲ့အမျှော်"ဆိုတဲ့ လင်းတနှစ်ကောင်ကို ပိုက်ပြီးနေရတာလောက် ကျက်သရေမဲ့တာ မရှိဘူး"တဲ့။



ဒီပြဿနာရဲ့အခြေခံက"မေတ္တာ၊ ကရုဏာကြီးမားတဲ့ ပညာရှင်တွေကင်းဝေးလွန်းခြင်းနဲ့ နိုင်ငံတော်သီချင်းထဲက ဒုတိယအာမခံချက်ဖြစ်တဲ့ "ခွင့်တူညီမျှ ဝါဒဖြူစင်မှု" မရှိသေးခြင်းတို့ကြောင့်ပါ။ တတ်သိပညာရှင်စစ်စစ်တွေ တိုးပွားလာပြီး ခွင့်တူညီမျှ ဝါဒဖြူစင်မှုရှိလာတာနဲ့အမျှ လူတိုင်းအပြည့်အဝကြိုးစားခွင့်နဲ့ ယဉ်ကျေးခွင့်တွေ ရရှိသွားမှာပါ။

လူတိုင်းကို မျှော်ရခြင်းတွေကင်းဝေးပြီး ကြိုးစားခွင့်၊ ယဉ်ကျေးခွင့် အပြည့်အဝရအောင်ကူညီဆောင်ရွက်ပေးခြင်းဟာ-

✻ကုသလဿ ဥပသမ္ပဒါ "ကောင်းမှုဆောင်" ဆိုတဲ့သာသနာနဲ့

✻သစိတ္တပရိယောဒပနံ "ဖြူအောင်စိတ်ကိုထား" ဆိုတဲ့ သာသနာတို့ကို တည်တံ့အောင် အားထုတ်ခြင်းလည်း မည်ပါတယ်။

အားလုံးခြုံလိုက်ရင်တော့-

လူတိုင်းကြောက်ရခြင်းနဲ့မျှော်နေရခြင်းကင်းဝေးအောင် ဆောင်ရွက်ပေးခြင်းဟာ လူ့ဖြစ်ကျိုး၊ သာသနာကြုံကျိုး နှစ်မျိုးလုံးနပ်အောင် စွမ်းဆောင်နိုင်ခြင်းပါပဲ။ ဒီလိုရရှိဖို့ သက်စွန့်ကြိုးပမ်းစွမ်းဆောင်နိုင်သူများကို"လောကီ အာဇာနည်များ"လို့ ဆိုရပါလိမ့်မယ်။

မြန်မာနိုင်ငံအနေအထားအရ ကြည့်မယ်ဆိုရင် အစိုးရခေါင်းဆောင်များနဲ့ အဖွဲ့ဝင်များ၊ တပ်မတော်ခေါင်းဆောင်များနဲ့အရာရှိ အရာခံ၊အကြပ်၊ တပ်သားများ၊ကျောင်းဆရာ ဆရာမများ၊သာသနာ့ဝန်ထမ်းရှင်ရဟန်းများဟာ အာဇာနည်ဖြစ်ခွင့် ပိုရှိကြပါတယ်။

ပြည်ထောင်စုသားအားလုံးအတွက် အစိုးရနဲ့ တပ်မတော်က ရုပ်ပိုင်းဆိုင်ရာမှာ မကျေနပ်စရာများ ကင်းဝေးအောင်၊ ကျေနပ်စရာများပြည့်စုံအောင်၊ ဆရာ ဆရာမများနဲ့ သံဃာတော်တို့က စိတ်ပိုင်းဆိုင်ရာများမှာ မကျေနပ်စရာများကင်းဝေးအောင်၊ ကျေနပ်စရာများနဲ့ပြည့်စုံအောင် ပိုမိုဆောင်ရွက်နိုင်စွမ်းရှိကြလို့ပါပဲ၊ မကျေနပ်စရာများကင်းဝေးရေးက "ရိုးသားခွင့်" အတွက်ပါ၊ ကျေနပ်စရာများပြည့်စုံရေးက "ကြိုးစားခွင့်နဲ့ ယဉ်ကျေးခွင့်" အတွက်ပါ။ ဘယ်တာဝန်ကိုပဲထမ်းထမ်း ပြည်သူ့အခွင့်အရေး နှစ်ခုအတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်သူမှန်သမျှ သက်ရှိအာဇာနည်တွေချည်းပါပဲ။

လူတိုင်း

ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားနိုင်ကြပါစေ. . .။

အားကိုးထိုက်သူဖြစ်အောင် ကြိုးစားနိုင်ကြပါစေ. . .။

လေးစားထိုက်သူဖြစ်အောင် ဖြူစင်နိုင်ကြပါစေ. . .။

အားလုံး သက်ရှိအာဇာနည်တွေ ဖြစ်ကြပါစေ. . .။

**အပ္ပမာဒေန သမ္ပာဒေထ**

**ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)**

**ဇူလိုင်လ (၁၉) ရက် ၂၀၁၇**

## ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန် နားနေဆောင်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊

**စာမျက်နှာ ၉ သို့** ✪



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား ဦးလှဖေ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



သခင်မြဂူဗိမာန်၌ သခင်မြ၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



ဒီးဒုတ်ဦးဘချိုဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။



ဦးဘဝင်းဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။



မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။



မန်းဘခိုင်ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။

# ပြည်တွင်းရေးရာ

✪ စာမျက်နှာ ၈ မှ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ အလေးပြုကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ် ငြိမ်သက်စွာဖြင့် မေတ္တာပို့သအမျှပေးဝေကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးလှဖေ၊ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချကာ အလေးပြုကြပြီး ဂါရဝပြုမေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ယင်းနောက် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။

ယခုနှစ် နှစ် (၇၀) ပြည့် အာဇာနည်နေ့တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်နှင့် မိန့်ခွန်းများ၊ မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းမှတ်တမ်းများနှင့် သမိုင်းဝင်ဓာတ်ပုံများကို ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် Graphic Board များကို စီစဉ်ပြသထားသည်။

**(သတင်းစဉ်)**



**အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**



**အာဇာနည်ဗိမာန်တွင် ပြည်သူများ အလေးပြုကြစဉ်။**



**ဦးရာဇတ်ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။**



**ရဲဘော်ကိုထွေးဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။**



**ဦးအုန်းမောင်ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။**



**အာဇာနည်ဗိမာန်သို့ အလေးပြုရန်လာရောက်ကြသည့် ရဟန်း ရှင်လူ၊ ပြည်သူများအား တွေ့ရစဉ်။**



**အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ သံတမန်တစ်ဦး လွမ်းသူ့ပန်းခွေချစဉ်။**



ဘားအံမြို့ ကမ်းနားလမ်းရှိ အာဇာနည်ကျောက်တိုင်၌ နှစ် (၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား ကျင်းပစဉ်။ နေမျိုးလွင်(ပြန်/ဆက်)



ရမည်းသင်းမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပန်းခြံ၌ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ်။ ဇော်ဝင်းအောင်(ပြန်/ဆက်)

# အာဇာနည်နေ့ ရန်ကုန်မြို့နေပြည်သူများ ဂါရဝပြု

**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့နေပြည်သူများက ၎င်းတို့သွားလာလှုပ်ရှားရင်း ရောက်ရှိသည့်နေရာများ၌ ရပ်တန့်အလေးပြုခြင်း၊ မော်တော်ယာဉ်နှင့် ယာဉ်မောင်းများက ကားများရပ်တန့်၍ ဟွန်းသံရှည်ဆွဲတီးခြင်းတို့ဖြင့် နှစ်မိနစ်ခန့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုနေကြသည်ကို တွေ့မြင်ရသည်။

"နိုင်ငံသားတစ်ယောက် အနေနဲ့ အခုလိုဂါရဝပြုရတဲ့အတွက် ဂုဏ်ယူမိတယ်။ ဥသြတွေဆွဲတဲ့အချိန်၊ ကားတွေဟွန်းတီးတဲ့အချိန်မှာ ကြက်သီးမွေးညင်းတွေတောင် ထတယ်။ ဝမ်းလည်း ဝမ်းနည်းမိပါတယ်။ ဗိုလ်ချုပ်လိုခေါင်းဆောင်မျိုး နောက်တစ်ယောက် ရှိလာဖို့ဆိုတာ မလွယ်ဘူး။ အာဇာနည်ခေါင်းဆောင်ကြီးတွေက လေးစားဖို့ကောင်းသလို နမူနာယူဖို့လည်း ကောင်းပါတယ်"ဟု လမ်းသွားရင်း မတ်တတ်ရပ်ဂါရဝပြုသူ ဦးဖိုးထောင်က ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး)သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဂါရဝပြုကြသည့် ပြည်သူများကို စည်ကားများပြားစွာ တွေ့မြင်ရသည်။

"အန်တီတို့က နယ်ကလာတာပါ။ ဒီနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရတဲ့ခန်းမနေရာကို ပြမယ်ဆိုတော့ မြင်ဖူးချင်တာလည်းပါတယ်။ ပြီးတော့ ဘုရားရှိခိုးပြီး အမျှလည်း ဝေပေးချင်လို့ပါ"ဟု လာရောက်ဂါရဝပြုသူဒေါ်တင်မာက ပြောသည်။

ဝန်ကြီးများရုံးဘေးပတ်လည်တွင် ပြည်သူအချို့က ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပုံများချိတ်ဆွဲထားပေးကာ နှင်းဆီပန်းများ အခမဲ့ဝေငှပေးနေသည်ကို တွေ့မြင်ရပြီး ရုံးအတွင်းသို့ဝင်ရောက်၍ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုရန် တန်းစီနေကြသည့် ပြည်သူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လက်မှတ်ရေးထိုးခြင်း၊ ရှိခိုးကန်တော့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-ဇာဏီ**

■



# အမြို့မြို့အနယ်နယ်တွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားများကျင်းပ

**ဟားခါး**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပရာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံကိုင်တပ်ဖွဲ့က နိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများက ကျဆုံးလေပြီးသောအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နှစ်မိနစ်ငြိမ်သက်ကာ အလေးပြုကြသည်။

**ပြည်နယ်(ပြန်/ဆက် )**

**မော်လိုက်**

ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ မော်လိုက်မြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက် ၅ နာရီတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ယု၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှဝေကြသည်။ ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ ဂါရဝပြုခဲ့ကြကြောင်း သိရသည်။ **(မော်လိုက်သားလေး)**

**ဒီပဲယင်း**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ဒီပဲယင်းမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ယနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကဦးဆောင်၍ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဥသြဆွဲခြင်းများပြုလုပ်ပြီးနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက လွမ်းသူ့ပန်းခွေချအလေးပြုကြကြောင်း သိရသည်။ **အောင်လင်း(iprd)**

**ကသာ**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ကသာမြို့ ကျောက်တိုင်ရှေ့၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ကျေးရွာပြည်သူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများဖြင့် ဂါရဝပြုခဲ့ကြသည်။ **(သာကျော်)**

**နမ့်စန်**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မြို့နယ်အားကစားကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နှင့်ကျေးရွာများမှ ပြည်သူများ စုစုပေါင်း ၅၀၀ ခန့်က အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေများချ၍ အလေးပြုခဲ့ကြသည်။

**သူရအောင်(ပြန်/ဆက်)**

**ကျောက်ကြီး**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၅ နာရီတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းအားရည်စူး၍ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြပြီး သိန်တန်းရပ်ကွက် တြိဂံကွေ့ဝဲပျံကျောင်းတိုက်ရှေ့၌ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူပန်းခွေချ၍ အလေးပြုခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**ချောက်**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ စည်ပင်သာယာပန်းခြံ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ပြုလုပ်ခဲ့ပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ချောက်မြို့နယ် မီးသတ်တပ်ဖွဲ့က မီးသတ်ယာဉ်များဖြင့် ပြည်သူ့ဈေး၊ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့လမ်းမတော် စည်ပင်သာယာရေးပန်းခြံ ဗိုလ်ချုပ်ကြေးရုပ်အနီးနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းရှေ့တို့တွင် ဥသြဆွဲရာ လမ်းသွားလမ်းလာပြည်သူများ၊ မော်တော်ယာဉ်များက နှစ်မိနစ်ခန့်ငြိမ်သက်စွာ အလေးပြုခဲ့ကြသည်။ **ကျော်မိုး(ပြန်/ဆက်)**

**ရေး**

နှစ်(၇၀) ပြည့် အာဇာနည်နေ့အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက် အာဇာနည်ဗိမာန်၌ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

**✱ ကျော်ဖုံးမှ**

ယခုနှစ်ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားတွင် ယခင်နှစ်များနှင့်မတူဘဲ ဗိုလ်ချုပ်တို့ လုပ်ကြံခံခဲ့ရသည့် ဝန်ကြီးများအစည်းအဝေးခန်းကိုလည်း ဖွင့်လှစ်ပေးထားသည့်အပြင် ပြင်ဆင်ထားသည့် တိုင်းပြုပြည်ပြုလွှတ်တော်ရုံး (ပါလီမန် အဆောက်အအုံ) ကို အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပေးထားသည်။

အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက “ရန်ကုန်အမျိုးသားပြတိုက်က ထိန်းသိမ်းထားတဲ့ ဗိုလ်ချုပ်တို့လုပ်ကြံခံရစဉ်က အစည်းအဝေးစားပွဲတွေရယ်၊ ကုလားထိုင် ၁၄ လုံး၊ နောက် ဗိုလ်ချုပ်တို့ ကျဆုံးစဉ်က အခန်းထဲမှာတွေ့ခဲ့တဲ့ ပစ္စည်း ၂၈ မျိုးပေါ့ အဲဒါတွေကို ထိန်းသိမ်းရေးလုပ်ပြီး အခု ဒီနှစ် သိမ်ဖြူလမ်း ဝန်ကြီးများရုံး(အတွင်းဝန်ရုံးဟောင်း)မှာ ကျွန်တော်တို့ ဒီနှစ်ပြသထားပါတယ်။ ထူးခြားတဲ့ပြသမှုလို့ ပြောလို့ရပါတယ်။ နှစ်ပေါင်း ၇၀ ကြာမှ ပထမဆုံးအကြိမ်ပြသတာပါ” ဟုပြောသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ဝန်ကြီးများရုံး၌ ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားသို့ လာရောက် ဂါရဝပြုသူများ အထူးများပြားခဲ့သည်။

ထို့ပြင် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ဝန်ကြီးများရုံးကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်၌ အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကို ယခင်ကအပေါ်ပတ် လမ်းထိပ်တွင် ထားရှိခဲ့သော်လည်း ယခုနှစ်တွင် သီးသန့်ပြကွက်တစ်ခုအနေဖြင့် ပြတိုက်အဝင် ညာဘက်အခြမ်းတွင်ပြသထားပြီး ဗိုလ်ချုပ်ပြတိုက်သို့ တက်ရာလမ်းတစ်လျှောက်တွင်လည်း ပြည်သူများ ဗဟုသုတအဖြစ် လေ့လာဖတ်ရှုနိုင်ရန်






ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်များရေးသားဖော်ပြချက်များကို ဘုတ်များဖြင့် ပြသထားရာ လေ့လာဖတ်ရှုသူများ အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစု၊ ငယ်ဘဝ၊ ကျောင်းသားဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝစသည့် ရှားပါးဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုစသည်တို့ကိုလည်း ပြသထားပြီး ဗိုလ်ချုပ်တို့ဇနီးမောင်နှံအိပ်ခန်း၊ သားသမီးများ အိပ်ခန်း၊ စာဖတ်ခန်း၊ ထမင်းစားခန်း၊အထူးအစည်းအဝေးခန်းကိုလည်း ဗိုလ်ချုပ် သက်ရှိထင်ရှားရှိစဉ်ကအတိုင်း ပြင်ဆင်ပြသထားသည်ကို တွေ့ရသည်။

“ဒီနှစ်မှာ ထူးခြားချက်က ဗိုလ်ချုပ်ရဲ့သား ဦးအောင်ဆန်းလင်း အသုံးပြုခဲ့တဲ့ လက်ရေးမူစာအုပ်လေးတွေ၊ အဝတ်အစားလေးတွေပြထားတယ်။ နောက်ပြီး လာရောက်တဲ့ ပြည်သူတွေ မိုးမစိုအောင် ပြတိုက်တက်တဲ့ လမ်းတစ်လျှောက်မှာ အမိုးလုပ်ပေးထားတယ်”ဟု ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြတိုက်တာဝန်ခံ ဦးခင်မောင်စိုးက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အများပြည်သူ လေ့လာနိုင်ရန် ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်ထိ ၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့သွားရာ ကန်တော်ကြီးပတ်လမ်းရှိ ဗိုလ်ချုပ်ကြေးရုပ်တုတွင် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လာရောက်ဂါရဝ အလေးပြုသူများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရသည်။

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ နေရာများ၌ လာရောက်ကြသည့် ပြည်သူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည် ခေါင်းဆောင်ကြီးများ၏အကြောင်း ရေးသားထားသည့် အာဇာနည်နေ့အမှတ်တရ စာအုပ်များကို ပေးဝေခဲ့သည်။

**သတင်း- သီသီမင်း**

**ဓာတ်ပုံ-ခင်မောင်ဝင်း၊ အေးမင်းသူ(ကြေးမုံ)**

---

# ချင်းတွင်းမြစ်ရေတက်လာ၍ ပုဂ္ဂလိကရေယာဉ်များ ရပ်နားထားရသော်လည်း ပြည်တွင်းရေကြောင်းမှ မုံရွာ-ဟုမ္မလင်း ခရီးစဉ် ရေယာဉ်ကြီးဖြင့် ပြေးဆွဲပေး

**မုံရွာ ဇူလိုင် ၁၉**

ချင်းတွင်းမြစ်ရေတက်လာ၍ ပုဂ္ဂလိက အမြန်ရေယာဉ်များ ရပ်နားထားသော်လည်း သွားလာရေးအခက်အခဲမရှိစေရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ချင်းတွင်းဌာနခွဲရှိ ပြဒါးရှင်ရေယာဉ်ကြီးဖြင့် မုံရွာ- ဟုမ္မလင်းခရီးစဉ်ကို ပြေးဆွဲပေးနေကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းဌာနခွဲရှိ ပြဒါးရှင်ရေယာဉ်ကြီးဖြင့် မုံရွာ-ဟုမ္မလင်းမြို့သို့ ဒေသခံခရီးသွားပြည်သူများ စိတ်ချလုံခြုံစွာဖြင့် ခရီးသွားလာနိုင်ရေး အပတ်စဉ်တနင်္လာနေ့တွင် မုံရွာမြို့မှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး ဟုမ္မလင်းမြို့သို့ ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ရောက်ရှိပြီး ဟုမ္မလင်းမြို့မှ သောကြာနေ့ နံနက် ၆ နာရီတွင် ပြန်လည်စတင်ထွက်ခွာပြီး မုံရွာမြို့သို့ စနေနေ့ နံနက် ၇ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

“ပုဂ္ဂလိက အမြန်ရေယာဉ်တွေ ရပ်နားထားပေမယ့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက မုံရွာ-ဟုမ္မလင်းခရီးစဉ်ကို ဇွန် ၂၂ ရက်ကစတင်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပြဒါးရှင်ရေယာဉ်ကြီးနဲ့ ပြေးဆွဲပေးနေပါတယ်။ ပြီးခဲ့တဲ့နှစ်က ဇွန် ၂၃ ရက်ကစတင်ပြီး မုံရွာ-ကလေးဝ ခရီးစဉ်ကိုပဲ ပြေးဆွဲနိုင်ခဲ့တာ အခုလိုရေကြီးချိန်ဆိုရင် အရေးကြီးကိစ္စမရှိတဲ့ သာမန်ခရီးသွားပြည်သူတွေအနေနဲ့ အခုလို အန္တရာယ်ကင်းတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကြီးတွေနဲ့ပဲ ခရီးသွားလာနေကြတာ တွေ့ရပါတယ်” ဟု ချင်းတွင်းဌာနခွဲက တာဝန်ရှိသူက ပြောသည်။

အဆိုပါ ရေကြောင်းခရီးစဉ်တစ်လျှောက်ရှိ မြို့များဖြစ်သည့် မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်နှင့် သောင်တွင်း စသည့် မြို့ဆိပ်ကမ်းများရှိ ခရီးသွားပြည်သူများ သွားလာရေးပိုမိုအဆင်ပြေကြောင်း၊ ရေများချိန်တွင် ရေယာဉ်ကြီးဖြင့် သွားလာနိုင်သည့်အတွက် လုံခြုံစိတ်ချရကြောင်း ဒေသခံများထံမှ သိရသည်။

**(၀၀၁)**



---

# ငွေစာရင်းပုံစံများရေးသွင်းနည်းနှင့် ရန်ပုံငွေထိန်းသိမ်းခြင်းသင်တန်းပေး

**ပျော်ဘွယ် ဇူလိုင် ၁၉**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းပါ ကျေးရွာခြောက်ရွာ၏ ကော်မတီဝင်များအား ငွေစာရင်းပုံစံများ ရေးသွင်းနည်းနှင့် ရန်ပုံငွေ ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းကို ဇူလိုင် ၁၇ ရက်က ပျော်ဘွယ်မြို့ ရွှေပြည်ရန်အောင် ရပ်ကွက် ပြည်တော်သာ အမက ကျောင်း၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်စုစုနှင့် မြို့နယ်မြစိမ်းရောင် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ ပျော်ဘွယ်မြို့နယ်တွင် စုစုပေါင်းကျေးရွာ ၂၉ ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာများတွင် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးပွားစေမည့်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀ မတည်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာလင်း**

❐

---

# လှိုင်မြို့နယ်ရှိ ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် ဆက်စပ်နေသော စည်ပင်ပိုင်မြေနေရာ ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန် ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် ဆက်စပ်နေသော စည်ပင်သာယာပိုင် မြေနေရာတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန် လုပ်ငန်းများနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ကြည့်ရှုဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းတို့နှင့်အတူ ရန်ကုန်မြို့ လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းနှင့်ဆက်စပ်လျက်ရှိသော စည်ပင်သာယာပိုင် မြေနေရာတွင် ဝန်ထမ်းအိမ်ရာများ အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရေးအတွက် ဝန်ထမ်းအိမ်ရာများကို ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ပြီး မြေနေရာရရှိသည့်အပေါ်မူတည်၍ အများပြည်သူ နေထိုင်ရေးအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာများကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားရန်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ လှိုင်မြို့နယ်ရှိ စည်ပင်ပိုင်မြေနေရာတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရေး ဆွေးနွေးခဲ့ပြီးနောက် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်ရှိ မြန်မာ့မီးရထား ဝန်ထမ်းအိမ်ရာနေရာတွင် ခေတ်မီဝန်ထမ်းအိမ်ရာ အဆောက်အအုံများ အစားထိုးဆောက်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

❐

# မူဆယ်မြို့၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ပန်လုံနယ်မြေ၏ အနောက်ဘက် သုံးမိုင်ခန့်ရှိ ကြားထင်(၄၈)နှစ်၏ နေအိမ်ခြံဝင်းအတွင်း ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ သိုလှောင်ထားကြောင်း သတင်းအရ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး)၏ ကြီးကြပ်မှုဖြင့် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးတပ်ဖွဲ့ဝင်များ၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့၊ နယ်မြေခံတပ်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၂၂)မှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကောင်းမှုတုံရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ကြားထင်အား မတွေ့ရှိဘဲ တရုတ်လူမျိုး တွမ်ကွမ်ဖေ့(ခ)အဖိန်း(၃၇)နှစ်နှင့် ကောင်းမှုတုံရပ်ကွက် ပန်လုံ(၃)လမ်းနေ ဝင်းအောင်(၂၀)နှစ်တို့အားတွေ့ရှိခဲ့ရကြောင်း၊ ခြံဝင်းအတွင်းတွေ့ရှိရသော ယာဉ်အမှတ် 6H/---- ၁၂ ဘီးယာဉ်နှင့် 2B/---- ၁၂ ဘီးယာဉ်တို့ကို ရှာဖွေရာ ဟိုက်ဒရိုကလိုရစ်အက်စစ် ဂါလန် ၅၀ ပါ ပီပါ ၃၁၃ လုံး(တန်ဖိုးငွေကျပ် ၅၀၀၈၀၀၀၀၀)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ဂျပ်ဖာ တစ်ဖာလျှင် ၂၀ လီတာပါ ၁၁၆၈ ဖာ (တန်ဖိုးငွေကျပ် ၉၃၄၄၀၀၀၀)၊ ဆာလဖြူရစ်အက်စစ် ငါးဂါလန်ပါ ပလတ်စတစ်ပုံး ၃၅၀(တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)၊ ကဖင်းတစ်အိတ်လျှင် ၂၅ ကီလိုပါ ဆာလာအိတ် ၁၈၀ (တန်ဖိုးငွေကျပ် ၃၃၇၅၀၀၀၀) စုစုပေါင်း တန်ဖိုးငွေကျပ် ၉၃၈၇၄၀၀၀၀ နှင့် မော်တာတပ်ဆင်ထားသည့် စတီးရောင်မွှေစက် နှစ်လုံး၊ ၇ ပေ × ၃ ပေရှိ သစ်သားသေတ္တာ ခြောက်လုံးအတွင်း ထည့်လျက် ဖန်ပေါင်းချောင်အကြီး ခြောက်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သူ ကြားထင်၊ ဖမ်းဆီးရမိသူ တွမ်ကွမ်ဖေ့(ခ)အဖိန်းနှင့် ဝင်းအောင်တို့ သုံးဦးအား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**







## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက်က ပူတာအိုမြို့နယ် ဆွမ်ပီယန်ကျေးရွာ ရပ်ကွက်(၂)နေ အင်နန်းတန်နော်(ခ) ဆွတ်မိုင်၏ နေအိမ်မှ ဘိန်းဖြူ ၇၂ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားနှင့် အဆင့်နိမ့် ဘိန်း ၁၀၀ ဂရမ်ကိုလည်းကောင်း၊ အလားတူ ဆွမ်ပီယန်ကျေးရွာ ရပ်ကွက်(၂)နေ စောနွဲ့ခွန်မျိုးနေ၏ နေအိမ်မှ ဘိန်းဖြူ ၆၈ ဒသမ ၄ ဂရမ်နှင့် အဆင့်နိမ့်ဘိန်း ၁၂ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ယင်းနေ့နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဝင်းဦး မောင်းနှင်ပြီး မနန်းလှမြင့်လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ မနန်းလှမြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ နှင့် ဘိန်းဖြူ ၁၀ ဂရမ် ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် (၄၉)လမ်းထောင့်ရှိ ရွှေတောင်လက်ဖက်ရည်ဆိုင်တွင် ကျော်သူရအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀ ကိုလည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တန့်ယန်း-လားရှိုး ကားလမ်း မြို့အထွက်ဆိုင်းဘုတ်အနီးတွင် စိုင်းစံထွန်းလူ မောင်းနှင်လာသော ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ကွမ်းလုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက်က ကွမ်းလုံမြို့နယ် ကန်မိန်းအုပ်စု မန်မောင်ကျေးရွာနေ ရှီလုံဝမ်း၏ နေအိမ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၁၇၈၀၀ နှင့် ဘိန်းဖြူ ၁၀၀ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့နယ်၌ အုတ်ခဲဖြင့် ထုရိုက်သတ်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုဝဲမြို့၌ ဇူလိုင် ၁၇ ရက် ညပိုင်းက လင်မယားချင်း စကားများ ရန်ဖြစ်စဉ် ချောင်းကြည့်သူအား အုတ်ခဲဖြင့် ထုရိုက်သတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ပြိုဝဲမြို့နေ နေဝူဟာရ်အူနန်သည် ည ၁၁ နာရီခန့်တွင် နေအိမ်၌ လင်မယားချင်း စကားများရန်ဖြစ်စဉ် လာရောက်ချောင်းကြည့်သူ တစ်ရွာတည်းနေ မာမတ်ဖိုင်ဆဲလ်၏ ဝဲရင်ဘတ်အား အုတ်ခဲဖြင့် ထုရိုက်ခဲ့သဖြင့် သေဆုံးသွားခဲ့ရာ နေဝူဟာရ်အူနန်(ဖမ်းမမိ)အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးတွင် သုံးလတာကာလအတွင်း တရားမဝင်သစ်တန်ချိန် ၈၀၀ ကျော် ဖမ်းဆီးရမိ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း တရားမဝင်သစ်တန်ချိန် ၈၄၁ ဒသမ ၄၇၀၁ တန်ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းဒေသကြီးသစ်တောဦးဌာနမှ သိရသည်။

"သစ်တောထိန်းသိမ်းရေးကို ကျွန်တော်တို့ ဌာနတစ်ခုတည်းလုပ်လို့မရပါဘူး။ ပြည်သူတွေပါမှဖြစ်မယ်။ ပြည်သူလူထုက စောင့်ကြည့်ပြီး သတင်းပေးပို့တဲ့စနစ်ပါ။ နိုင်ငံတကာမှာလည်း ဒီစနစ်ကို ကျင့်သုံးနေပါတယ်။ စီမံချက်တွေရေးဆွဲပြီးဆောင်ရွက်ခဲ့တာ အောင်မြင်မှုတွေ ရရှိလာပါတယ်"ဟု တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ပြောသည်။

သုံးလတာကာလအတွင်း တရားမဝင် ကျွန်း ၁၃၃ ဒသမ ၇၆၁ တန်၊ သစ်မာ ၃၈၄ ဒသမ ၁၆၈၂ တန်နှင့် အခြားသစ်အမျိုးအစား ၃၂၃ ဒသမ ၅၄၀၉ တန် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"အရင်တုန်းကတော့ ကျွန်တော်တို့ဌာနတစ်ခုတည်း လိုက်ရှာလိုက်ဖမ်းလုပ်ခဲ့ရတော့ မိတာတွေလည်းရှိသလို မမိတာတွေလည်းရှိပါတယ်။ အခုစနစ်သစ်အရ ပြည်သူကိုချပြပြီး ဖိတ်ခေါ်လိုက်တော့ သတင်းတွေလည်းအများကြီးရပြီး ကျွန်တော်တို့ ဖမ်းဆီးလာနိုင်တယ်။ အထူးသဖြင့် အရေးကြီးတဲ့ ဖုန်းနံပါတ်တွေကို ဖေ့စ်ဘုတ်တို့ မီဒီယာတို့ကနေ ပြည်သူတွေကို အသိပေးကြေညာထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိ သုံးလတာကာလတွင် လအလိုက်ဖမ်းဆီးရရှိမှုအနေဖြင့် ဧပြီလတွင် သစ်တန်ချိန် ၂၆၂ ဒသမ ၀၉၁၁ တန်၊ မေလတွင် ၂၅၀ ဒသမ ၂၀၆၄ တန်နှင့် ဇွန်လတွင် ၃၂၉ ဒသမ ၁၇၂၆ တန်ဖမ်းဆီးရရှိခဲ့ပြီး ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းကလည်း တရားမဝင်သစ်တန်ချိန်စုစုပေါင်း ၂၉၈၃ ဒသမ ၅၅၀၃ တန်ဖမ်းဆီးရမိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# ကမ္ဘာလှည့်ခရီးသည်တစ်ဦး ကျပျောက်ခဲ့သည့် ပိုက်ဆံအိတ် ကောက်ယူတွေ့ရှိသူက ပြန်လည်ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူးက ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားသားတစ်ဦး၏ ပိုက်ဆံအိတ်တစ်လုံးကို နဘူးတောကျေးရွာနေ ရာအိမ်မှူး ဦးချစ်ခိုင်က တွေ့ရှိရာ အကြောင်းကြားအပ်နှံထားကြောင်း ပိုက်ဆံအိတ်အတွင်းမှ ATM ကတ်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ မြန်မာငွေကျပ် ၁၀၀၀၀ တို့ပါရှိပြီး ယာဉ်မောင်းလိုင်စင်ကို ဓာတ်ပုံရိုက်ပေးပို့လာသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(ပုဂံ)မှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းမေးမြန်းခဲ့ရာ ပုဂံမြို့သစ်ရှိ Crown Prince Hotel တွင် တည်းခိုနေထိုင်သော အမေရိကန်နိုင်ငံသား Mr. Erik Dyvad ၏ ပိုက်ဆံအိတ်ဖြစ်ကြောင်း သိရပြီး ပျောက်ဆုံးပစ္စည်းများကို မေးမြန်းရာ မှန်ကန်စွာပြောဆိုနိုင်သဖြင့် ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ သက်သေများရှေ့တွင် ပိုင်ရှင်ဖြစ်သူ Mr. Erik Dyvad ထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၈ စီး၊ သွင်းကုန် ၆၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၈၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

## တရားမဝင် ဝင်ရောက်လာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းက နယ်စပ်ခြံစည်းရိုးတစ်လျှောက် လှည့်ကင်းဆောင်ရွက်စဉ် တရားမဝင် ဝင်ရောက်လာသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ညနေ ၅ နာရီခွဲခန့်က လှည့်ကင်းဆောင်ရွက်စဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူ ဖော်ဇော်ကော်ဘီရ်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အားကစား**

# ချယ်လ်ဆီးနှင့် နှစ်နှစ်စာချုပ်သစ် ချုပ်ဆိုပြီး ကောလာဟလများကို ကွန်တီ အဆုံးသတ်




နည်းပြ ကွန်တီသည် ချယ်လ်ဆီးအသင်းနှင့်ပင် နှစ်နှစ်စာချုပ်သစ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် လက်ရှိ ကလပ်အသင်းနှင့် အနာဂတ်ရေရာခြင်းမရှိဟူသော ကောလာဟလများကို အဆုံးသတ်စေခဲ့ပြီဖြစ်သည်။ သို့သော် အဆိုပါစာချုပ်မှာ သက်တမ်းတိုးစာချုပ်မဟုတ်ဘဲ မူလစာချုပ်ကို အဆင့်တိုးမြှင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ နွေရာသီက ကွန်တီနှင့် ချယ်လ်ဆီးတို့ ချုပ်ဆိုထားသည့် သုံးနှစ်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ကွန်တီမှာ သူ၏ပွဲဦးထွက်ရာသီမှာပင် ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

အသက်(၄၇)နှစ်အရွယ် ကွန်တီက ချယ်လ်ဆီးနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းအတွက် အင်မတန်ပျော်ရွှင်မိကြောင်းနှင့် ကာလကြာရှည် ဆက်နေလိုကြောင်းလည်း ဆိုခဲ့သည်။ ကော်စတာ စပိန်လက်ရွေးစင်အသင်းနှင့် ပူးပေါင်းနေသည့်ကာလအတွင်း ကွန်တီက ကော်စတာမှာ လာမည့်ရာသီ သူ၏အစီအစဉ်တွင်ပါဝင်ခြင်းမရှိတော့ဟု စာတိုရေးသားအသိပေးခဲ့ရာ ကော်စတာက မီဒီယာများသို့ ဖွင့်ချခဲ့သည်။ ယင်းအတွက်ကြောင့် ကော်စတာ ဘယ်လဲ ဘာလဲဆိုသည့် မေးခွန်းများတောက်လျှောက် ပလူပျံခဲ့ပြီး ကော်စတာ၏ သတ်မှတ်တန်ဖိုးလည်း များစွာကျဆင်းခဲ့ရသည်။ ကော်စတာ၏ကိစ္စကြောင့်ပင် ကွန်တီနှင့် ချယ်လ်ဆီး ဘုတ်အဖွဲ့ဝင်များကြား မကျေမလည်ဖြစ်ခဲ့ပြီး ကွန်တီ၏ အနာဂတ်လည်း သေချာမှုမရှိတော့ဟု သတင်းများထွက်လာခဲ့သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် အက်သလက်တီကိုအသင်းဂျာစီကိုဝတ်ဆင်ပြီး ပါတီပွဲဆင်နွှဲနေသည်ကို အင်စတာဂရမ်စာမျက်နှာတွင် Live လွှင့်ခဲ့ခြင်းဖြင့် သူ ချယ်လ်ဆီးသို့ လုံးဝပြန်လှည့်မလာတော့ဘူးဆိုသည်ကို ရှင်းရှင်းလင်းလင်း အချက်ပြလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းက စပိန်တိုက်စစ်မှူး ကော်စတာကို အားလပ်ရက်ပိုပေးထားသည်ဟု ကြေညာပြီး ကော်စတာနှင့် ကွန်တီကြား တင်းမာမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးခဲ့ခြင်းသည်။

Live လွှင့်နေစဉ်အတွင်း မှတ်ချက်ပေးခဲ့သူများထဲတွင် ကော်စတာက ချယ်လ်ဆီးအသင်းဖော် ဖာဘရီဂတ်စ်ကို "ကွန်တီကို ပွေ့ဖက်လိုက်ပါဦး"ဟူသော စာသားဖြင့် တုံ့ပြန်ခဲ့သေးသည်။ ကော်စတာကို တရုတ်စူပါလိဂ် တီယန်ကျင်းအသင်းက ခေါ်ယူရန် ဆက်သွယ်နေသော်လည်း ကော်စတာကမူ အသင်းဟောင်းအက်သလက်တီကိုနှင့်သာ ပြန်လည်ပူးပေါင်းရန် ဆန္ဒရှိနေကြောင်းသိရသည်။ သို့သော် အက်သလက်တီကိုအသင်း၏ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံရမှုကြောင့် ကော်စတာ၏အနာဂတ် မှုန်ဝါးနေရန် ခက်ခဲနေချိန်တွင် ကော်စတာက ယခုကဲ့သို့ အက်သလက်တီကို အသင်းဂျာစီကိုဝတ်ဆင်ပြီး ချယ်လ်ဆီးမှထွက်ခွာပြီဆိုသည်ကို သွယ်ဝိုက်ဖော်ပြခဲ့ခြင်းဖြစ်သည်။ သို့သော် မျက်စိရှင်သူများက ကော်စတာဝတ်ဆင်ထားသည့်ဂျာစီမှာ ၂၀၁၃-၁၄ ဘောလုံးရာသီက ဂျာစီဖြစ်ကြောင်း ထောက်ပြသည်။ ကော်စတာနေရာအစားထိုးနိုင်ရန် ချယ်လ်ဆီးအသင်း၏ နံပါတ်(၁)ပစ်မှတ်အဖြစ် သတ်မှတ်ထားသည့် လူကာကူမှာ မန်ယူအသင်းကို ရွေးချယ်သွားပြီဖြစ်ရာ ကွန်တီက ဒေါ့မွန်တိုက်စစ်မှူး အူဘာမီယန်၊ မန်စီးတီးတိုက်စစ်မှူး အဂွဲရိုးတို့ကို ပစ်မှတ်ထားလာကြောင်း သိရသည်။

## ဘာစီလိုနာတွင် ပျော်ရွှင်နေဟု နေမာ တုံ့ပြန်



ပီအက်စ်ဂျီအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်တယ်လို့ သတင်းထွက်နေသူ နေမာက ဘာစီလိုနာတွင် ပျော်ရွှင်နေပြီး ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း သူ့အတွက် အကောင်းဆုံးရာသီတစ်ခုဖြစ်ကြောင်း ဆိုခဲ့ပါတယ်။ နေမာဟာ ဘာစီလိုနာအသင်းမှာ မက်ဆီအရိပ်အောက် ကျရောက်နေတဲ့အနေအထားကို ဖယ်ရှားနိုင်ဖို့ ပီအက်စ်ဂျီဟာ သူ့အတွက် မှန်ကန်တဲ့ရွေးချယ်မှုတစ်ခုအဖြစ် ယူဆကြောင်း စပိန်မီဒီယာတွေက အသားပေးဖော်ပြနေစဉ်မှာပဲ နေမာက အထက်ပါအတိုင်း တုံ့ပြန်လိုက်တာဖြစ်ပါတယ်။

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီက တိုက်စစ်မှူး နေမာရဲ့ ပြောင်းရွှေ့ခွင့် စာချုပ်ပါအချက်အရ ပေါင် ၁၉၅ သန်း ပေးချေဖို့ သဘောတူထားပြီးဖြစ်တယ်လို့ သိရပါတယ်။ နေမာဟာ ပြီးခဲ့တဲ့နှစ်အောက်တိုဘာလကမှ ဘာစီလိုနာအသင်းနဲ့ သက်တမ်းတိုးစာချုပ်ကို လက်မှတ်ရေးထိုးတာကြောင့် နောက်နှစ်နွေဈေးကွက်ကျရင် သူ့ကိုခေါ်ယူချင်တဲ့အသင်းက ပေါင်သန်း ၂၀၀ ကျော် အသုံးပြုမှ ရနိုင်တော့မှာဖြစ်ပါတယ်။

ဒါကြောင့်လည်း နေမာအနေနဲ့ ဘာစီလိုနာအတွက် စပိန်မှာ ဆက်နေမလား၊ ပီအက်စ်ဂျီအတွက် ပြင်သစ်မြေကို ပြောင်းရွှေ့မလားဆိုတာ စဉ်းစားနေတယ်လို့ မာဇီယိုနဲ့ စပိန်စာစောင်အများစုက ဖော်ပြခဲ့ပါတယ်။

ထွက်ပေါ်လာတဲ့သတင်းရင်းမြစ်တွေအရ နေမာရဲ့ဖခင်က ပဲရစ်မြို့ကို သွားရောက်ပြီး နေမာရဲ့အနာဂတ်ကိစ္စရပ်ကိုဆွေးနွေးခဲ့ပြီးနောက်မှာ ပုဂ္ဂိုလ်ရေးသဘောတူညီချက် ရယူနိုင်ခဲ့တယ်လို့ဆိုပါတယ်။ နေမာကိုရဖို့ ပီအက်စ်ဂျီအသင်းရဲ့ သုံးကြိမ်တိုင် ချဉ်းကပ်မှုမအောင်မြင်ခဲ့ပေမယ့် ခုတစ်ကြိမ်တော့ ပထမဦးဆုံးအကြိမ် အနီးစပ်ဆုံးအခြေအနေကို ရောက်ရှိလာတာလို့ ပြောလို့ရပါတယ်။ ဘာကာအသင်းက အင်နီယစေတာ နေရာအစားထိုးနိုင်ဖို့ ပီအက်စ်ဂျီကွင်းလယ်လူ ဗာရက်တီကို ချိတ်ဆက်နေတာကြောင့် ပီအက်စ်ဂျီအကြီးအကဲတွေက ဒီကွင်းလယ်လူအပေါင်း ထပ်တိုးငွေနဲ့ နေမာကို ပြန်လည်ခေါ်ယူဖို့ အားထုတ်လာတာဖြစ်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်း ဒုတိယဥက္ကဋ္ဌ ဂျော်ဒီမက်စထရီက ဘာစီလိုနာမှာပဲ နေမာ ဆက်ရှိမယ်ဆိုတာ ၂၀၀ ရာခိုင်နှုန်းကို သေချာတယ်လို့ တုံ့ပြန်ပါတယ်။

## ဂျိုးဟတ်နှင့် အာနျူတိုဗစ်တို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ဟာနန်ဒက်ဇ်ကို ခေါ်ယူရန် ဝက်စ်ဟမ်း နီးစပ်နေ

ဝက်စ်ဟမ်းအသင်းက ဂျိုးဟတ်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက်တစ်ရက်မှာပင် စတုတ်တိုက်စစ်မှူး အာနျူတိုဗစ်ကို ပေါင် ၂၃ သန်းဖြင့် သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဝက်ဟမ်းအသင်းသည် အဆိုပါကစားသမားနှစ်ဦးအပြင် မန်ယူတိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ်ကို လေဗာကူဆင်အသင်းမှခေါ်ယူရန် အနီးစပ်ဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်သည်။

ဝက်စ်ဟမ်းသည် ဂျိုးဟတ်၏ တစ်ပတ်လုပ်ခ ပေါင် ၁၄၀၀၀၀ ၏ တစ်ဝက်နှင့် အငှားခေါ်ယူကြေး ပေါင် နှစ်သန်း ပေးချေရမည်ဖြစ်သည်။ ဂျိုးဟတ်သည် ပြီးခဲ့သည့်ရာသီကလည်း တိုရီနိုတွင် တစ်ရာသီအငှားဖြင့် ကစားခဲ့ရပြီး နည်းပြ ဂွါဒီယိုလာက သူ့ကို အသင်းသစ်ရှာရန် ပြောကြားခဲ့ပြီးဖြစ်သည်။ အသက်(၃၀)အရွယ် ဂျိုးဟတ်၏ မန်စီးတီးနှင့် ချုပ်ဆိုထားသည့်စာချုပ်မှာ ၂၀၁၉ ခုနှစ်မှသာ သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဝက်စ်ဟမ်းအနေဖြင့် ဂျိုးဟတ်ကို အမြဲတမ်းစာချုပ် ချုပ်ဆိုခွင့်အချက်ကိုပါ ထည့်သွင်းချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အာနျူတိုဗစ်အတွက် ဝက်စ်ဟမ်းအသင်း၏ ကနဦးကမ်းလှမ်းမှု နှစ်ကြိမ်ကို စတုတ်ဘက်မှ ပယ်ချခဲ့သော်လည်း ယခု ပေါင် ၂၄ သန်းဖြင့် တတိယအကြိမ် ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။ အာနျူတိုဗစ်သည် လွန်ခဲ့သည့် လေးနှစ်တာကာလက ဝါဒါဘရီမင်မှ စတုတ်သို့ ပြောင်းရွှေ့လာသူဖြစ်ပြီး လွန်ခဲ့သည့် တစ်နှစ်တာကာလကပင် စတုတ်နှင့် လေးနှစ်သက်တမ်းတိုး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

**နောက်ဆုံးရ အပြောင်းအရွှေ့သတင်းများ**

မေလဲ့သင်း – စုစည်းသည်

### မန်ယူပစ်မှတ် ပါရီဆစ်ကို ရာသီကြိုခြေစမ်းပွဲ အသင်းလူစာရင်းတွင် အင်တာမီလန် ထည့်သွင်းခဲ့

အင်တာမီလန်အသင်းသည် မန်ယူအသင်းထိပ်တန်းပစ်မှတ် ပါရီဆစ်ကို အာရှရာသီကြိုခြေစမ်းပွဲတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။ အင်တာမီလန်က ပါရီဆစ်အတွက် အနည်းဆုံး ပေါင် ၄၈ သန်း အလိုရှိနေပြီး မန်ယူနှင့် သဘောတူညီမှုရရှိခြင်းမရှိသေးကြောင်း သိရသည်။ မန်ယူအသင်းသည် တိုက်စစ်မှူး လူကာကူ၊ နောက်ခံလူ လင်ဒီလော့ဖ်တို့ကို ခေါ်ယူထားပြီးဖြစ်သလို စပါးမှ အဲရစ်ဒိုင်ယာနှင့် ချယ်လ်ဆီးကွင်းလယ်လူ မာတစ်တို့ကိုလည်း ပစ်မှတ်ထားနေကြောင်း သိရသည်။

### ရီးယဲလ်နောက်ခံလူ ဒန်နီလိုအတွက် ပေါင်သန်း ၃၀ ကျော် အသုံးပြုဖို့ ဆန္ဒမရှိတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းက ရီးယဲလ်ညာနောက်ခံလူ ဒန်နီလိုကို ခေါ်ယူရန်ဆန္ဒရှိသော်လည်း ရီးယဲလ်ဘက်မှ တောင်းဆိုသည့် ပေါင် ၃၀ ဒသမ ၈ သန်းကို အသုံးပြုရန်ဆန္ဒမရှိဟု အီးဗနီးစတန်းဒက်စာစောင်က ဖော်ပြသည်။ ထို့ပြင် ကွန်တီအလိုရှိနေသည့် တိုက်စစ်မှူး မိုရာတာအတွက် ချယ်လ်ဆီးဘုတ်အဖွဲ့ဝင်များက မီလန်အသင်း ကမ်းလှမ်းထားသည့် နှုန်းအတိုင်း ပေးချေရန်ဆန္ဒမရှိရာ မိုရာတာကိုလည်း ရရှိရန် အလားအလာနည်းနေပြီဖြစ်သည်။ ထွက်ပေါ်လာသည့် သတင်းများအရ မိုရာတာမှာ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန် ရာနှုန်းပြည့်နီးပါး သေချာနေပြီဖြစ်သည်။

# အိမ်ရှင်မြန်မာအသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၈ အာရှယူ-၂၃ ခြေစစ်ပွဲအုပ်စု (စ) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ အိမ်ရှင်မြန်မာနှင့် ဩစတြေးလျအသင်း အနိုင်ရခဲ့သည်။

မြန်မာ -နှစ်ဂိုး

စင်ကာပူ- ဂိုးမရှိ

အိမ်ရှင်မြန်မာအသင်းသည် စင်ကာပူအသင်းကို ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ယူပြီး မျက်နှာပန်းလှခဲ့သည်။ စင်ကာပူအသင်း၏ ရုန်းကန်မှုများအပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး နိုင်ပွဲရယူနိုင်ခဲ့သည့် မြန်မာအသင်းသည် ခြေစစ်ပွဲအောင်ရန် အခွင့်အရေးရှိလာခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် အောင်သူ၊ အောင်ကောင်းမာန် တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသလို ကျန်းမာရေးပြန်ကောင်းလာသည့် မျိုးကိုထွန်းကို ညာနောက်ခံလူနေရာတွင် အသုံးပြုခဲ့ကာ စည်သူအောင်၊ မောင်မောင်လွင်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ ဘုန်းသစ္စာမင်း (ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစား၍ ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ နှစ်ဖက်ကစားသမားများမှာ အားထည့်ကစားခဲ့သောကြောင့် မကြာခဏ အချင်းများခဲ့ပြီး အဝါ၊ အနီကတ်များထိခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မိနစ် ၆၀ တွင် အောင်သူ ကန်သွင်းခဲ့သောကြောင့် ဂိုးစတင်ရရှိခဲ့သည်။ ၆၉ မိနစ်တွင် မြန်မာအသင်း ဂိုးရရှိရေးကြိုးပမ်းရာမှ မြန်မာတိုက်စစ်မှူး အောင်ကောင်းမာန်နှင့် စင်ကာပူဂိုးသမား ဇာဖန်တို့ အချင်းများခဲ့ပြီး ကွင်းလယ်ဒိုင်က ဇာဖန်ကို တိုက်ရိုက်အနီ၊ အောင်ကောင်းမာန်ကို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် စင်ကာပူက ချေပဂိုးပြန်ရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း မြန်မာဂိုးသမား ဘုန်းသစ္စာမင်း ကာကွယ်နိုင်ခဲ့သည်။ မြန်မာအတွက် ဒုတိယဂိုးကို ပွဲပြီးခါနီးတွင် လှိုင်းဘိုဘိုက သွင်းယူခဲ့သည်။ မြန်မာ-စင်ကာပူ ပွဲမစမီ မြန်မာကစားသမားများက အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ကာ လက်ပတ်အမည်းများ ဝတ်ဆင်ကစားခဲ့သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဩစတြေးလျအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဩစတြေးလျအသင်းသည် ဂိုးကံခေခြင်း၊ ဘရူနိုင်းဂိုးသမား လက်စွမ်းပြကာကွယ်နေ၍ ဒုတိယပိုင်းက အနိုင်ဂိုးများရခဲ့သည်။ ဩစတြေးလျအတွက် ဂိုးများကို ၅၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဘလက်ဝုဒ်၊ ၈၄ မိနစ်တွင် ပက်ထရစ်တို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျနှင့် စင်ကာပူ၊ မြန်မာနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



မြန်မာနှင့် စင်ကာပူကစားသမားများ ဘောလုံးယှဉ်လုရစဉ်။



# မန္တလေးမြို့၌ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်တိုက်သစ်ပါဠိနယူပဒေသာကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့ပေါ်ရှိ နိုင်ငံရေးပါတီအသီးသီးတို့မှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ မစိုးရိမ်တိုက်သစ် ပါဠိနယူပဒေသာကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ ထံမှ ဥပုသ်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက် တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြပြီး ဆရာတော်ကြီးများထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့်တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ပါဠိနယူပဒေသာကျောင်းဆရာတော်ထံမှ အနုမောဒနာ တရားတော်များ နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေစက်သွန်းချအမျှပေးဝေကြသည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း နှစ်(၇၀) ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည် ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆွမ်းဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❖

**ကိုယ်ပိုင်ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း Ph:09787200619**

[illegible]
မှုတစ်ခုသာလိုအပ်ပါသည်။ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း၊ ကားအငှားဝန်ဆောင်မှု လုပ်ငန်း၊ အိမ်ခြံမြေရောင်းဝယ်ငှားလုပ်ငန်း၊ ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း၊ အရင်းအနှီးငွေ ထုတ်ထောင်ရန် ဘဏ်မှငွေချေးခြင်းလုပ်ငန်းစသည့် လုပ်ငန်းဆိုင်ရာ အသုံးချပညာ ရပ်များကို [illegible]

TOP -09 787200619 -09 448087644 -09 77003850

ကို ၂၄ နာရီဖုန်းဆက်လိုက်ပါလား!

**zcift rnf**

ခရမ်းမြို့နယ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ဒုတိယနှစ်ရုက္ခဗေဒမှ မပိုးဥငယ်၊ ခရမ်းမြို့နယ်၊ ကင်မွန်းခြံ အထက(ခွဲ) ဒသမတန်းမှ မပန်းပိုပိုနှင့် သတ္တမတန်းမှ မနှစ်သစ်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း[၁၂/ခရန(နိုင်)၀၅၀၇၂၄] ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း[၁၂/ခရန(နိုင်)၀၅၀၇၂၄]**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် - ၁ / ၂၀၁၇
## ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၉) ရက်
## ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ (၁၇) ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | နည်းပြ (စိုက်ပျိုးရေး)/ နည်းပြ (မွေးမြူရေး) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၉)နေရာ | B.Agr.Sc/B.V.Sc |
| (ခ) | ဒုတိယနည်းပြ (သိပ္ပံ) (၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) | (၇) နေရာ | B.Sc (Physics)/ B.Sc (Maths) B.A (English) |

(day တက်သူဦးစားပေးမည်။)

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၄-၈-၂၀၁၇ရက်တွင် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ၁၄-၈-၂၀၁၇ ရက် အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံ လိုင်စင်ဓာတ်ပုံ (၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၂၆-၈-၂၀၁၇ | (၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | ၂၆-၈-၂၀၁၇ | (၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီထိ) |
| (ဂ) | အင်္ဂလိပ်စာ | ၂၇-၈-၂၀၁၇ | (၁၀း၀၀ နာရီမှ ၁၂း၀၀နာရီထိ) |

၇။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm နှင့် အပိုဒ်(၈) ပါ ဖုန်းနံပါတ်ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၁၀၃၂၅/ ၀၆၇-၄၁၀၅၁၇/၀၆၇-၄၁၀၅၇၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

# မောင်တောမြို့တွင် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

**မောင်တော ဇူလိုင် ၁၉**

မောင်တောမြို့တွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မကျောင်းတိုက်၌ သံဃာတော်ကိုးပါးအား ဆွမ်းခဲဖွယ်၊ သင်္ကန်းအစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မောင်တောမြို့ မီးသတ်ဦးစီးဌာနက သတ်မှတ်နေရာအသီးသီးတို့၌ မီးသတ်ယာဉ်ခြောက်စီးဖြင့် ဥသြဆွဲကြပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက တစ်မိနစ်ကြာ ငြိမ်သက်၍ အလေးပြုခြင်းများ ပြုလုပ်ကြသည်။

မောင်တောမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၊ လမ်းအသီးသီး၊ အိမ်အသီးသီးတို့၌လည်း အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံများကို တိုင်ဝက်လွှင့်ထူထားကြသည်။

**(မြင့်မောင်စိုး၊အောင်ကျော်ဦး)**

# လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ ကံကြီးကုန်းရွာနေ ဦးပေသီး(၅၈)နှစ်သည် ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ မမြင့်မြင့်ဝင်း(၃၅)နှစ်နှင့် ခင်ပွန်းဖြစ်သူ မင်းနိုင်(၃၅)နှစ်တို့သည် လင်မယားချင်းစကားများ ရန်ဖြစ်ကြရာ မင်းနိုင်က မမြင့်မြင့်ဝင်းကို သစ်သားတုတ်၊ ဝါးရင်းတုတ်ဖြင့် ရိုက်သောကြောင့် မမြင့်မြင့်ဝင်း၏ ဦးခေါင်း၊ မျက်နှာနှင့် လည်ပင်းတို့တွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသဖြင့် ဦးပေသီး၏ တိုင်တန်းချက်အရ ချောင်းဦးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၆။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ နိုင်ငံခြားစစ်ရေယာဉ်မှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းခွင့်ရှိသည်။ ယင်းဖြတ်သန်းမှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးခြင်းမရှိသရွေ့ အပြစ်ကင်းသော ဖြတ်သန်းမှုဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံခြား စစ်ရေယာဉ်သည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရရှိမှသာ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုဖြင့် ဖြတ်သန်းနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်လာသော နိုင်ငံခြားစစ်ရေယာဉ်ကို ပိုင်နက်ပင်လယ်အတွင်း ရောက်ရှိနေသည့် နေရာမှ ချက်ချင်းထွက်ခွာသွားစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဆောင်ရွက်ခွင့်ရှိသည်။

၇။ ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းနေစဉ်-

(က) မည်သည့်နိုင်ငံခြားရေယာဉ်မဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ခ) မည်သည့်နိုင်ငံခြားရေယာဉ်မဆို သဘာဝဘေးအန္တရာယ် သို့မဟုတ် တားဆီးရှောင်လွှဲခြင်း မပြုနိုင်သည့် အကြောင်းမှတစ်ပါး ပိုင်နက်ပင်လယ်အတွင်း ရပ်နားခြင်း၊ ကျောက်ချခြင်း မပြုဘဲ အတိုဆုံးလမ်းကြောင်းမှ ဖြတ်သန်းရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်သည် ပင်လယ်ခရီးထွက်သည့်အခါ ငါးဖမ်းပစ္စည်းကိရိယာများကို သိမ်းဆည်းထားရှိနေကျအတိုင်း စနစ်တကျ ထားရှိရမည်။

(ဃ) နိုင်ငံခြားသုတေသနရေယာဉ်သည် အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုချက်ရရှိမှသာ သုတေသနလုပ်ငန်းကို ဆောင်ရွက်ရမည်။

(င) နိုင်ငံခြားရေငုပ်သင်္ဘောများနှင့်ရေအောက်တွင် သွားလာနိုင်သော အခြားယာဉ်များသည် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်သာ ခုတ်မောင်းရမည့်အပြင် သက်ဆိုင်ရာအလံကို လွှင့်ထူရမည်။

၈။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုပြုနေစဉ် အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုမူဆောင်ရွက်ပါက နိုင်ငံတော်၏ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး သို့မဟုတ် လုံခြုံရေးကို ထိပါးစေသည်ဟု မှတ်ယူရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှု သို့မဟုတ် နိုင်ငံရေးလွတ်လပ်ခွင့်ကိုသော်လည်းကောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အပြည်ပြည်ဆိုင်ရာဥပဒေ၏ သဘောတရားများကိုသော်လည်းကောင်း ချိုးဖောက်သော ခြိမ်းခြောက်မှု၊ အင်အားသုံးမှု သို့မဟုတ် အခြားပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ခ) မည်သည့်လက်နက်အမျိုးအစားကိုမဆို စမ်းသပ်ခြင်း၊ လေ့ကျင့်ခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကို ထိပါးနှောင့်ယှက်စေမည့် သတင်းအချက်အလက်များ စုဆောင်းခြင်း၊

(ဃ) နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ကာကွယ်ရေးကို ထိပါးစေသော ဝါဒဖြန့်ခြင်း၊

(င) ရေယာဉ်ပေါ်သို့ မည့်သည်ယာဉ်အမျိုးအစားကိုမဆို အတက်အဆင်းပြုလုပ်ခြင်း သို့မဟုတ် အတင်အချပြုလုပ်ခြင်း၊

(စ) စစ်လက်နက်များကို ရေယာဉ်ပေါ်မှ ပစ်လွှတ်ခြင်း သို့မဟုတ် စစ်လက်နက်ကိရိယာများကို အတင်အချပြုလုပ်ခြင်း၊

(ဆ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာ သန့်ရှင်းရေးဆိုင်ရာ တည်ဆဲဥပဒေများအရ ခွင့်ပြုထားခြင်းမရှိသောပစ္စည်း၊ ငွေ၊ လူပုဂ္ဂိုလ် သို့မဟုတ် တိရစ္ဆာန်ကို အတင်အချပြုလုပ်ခြင်း၊

(ဇ) ရေထု၊ လေထုနှင့် အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းစေရန်၊ ထိခိုက်ပျက်စီးစေရန် လုပ်ဆောင်ခြင်း၊

(ဈ) ငါးအပါအဝင် ရေနေသတ္တဝါများ၊ အပင်များကို တစ်နည်းနည်းဖြင့် ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ငါးလုပ်ငန်းပြုလုပ်ခြင်း၊ ယင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝသယံဇာတများကို ပျက်စီးဆုံးရှုံးနစ်နာစေရန် ပြုလုပ်ခြင်း၊

(ည) သုတေသနလုပ်ငန်းများ သို့မဟုတ် တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ ဆက်သွယ်ရေးစနစ်၊ အခြားအထောက်အကူပြုပစ္စည်း၊ တပ်ဆင်ထားသောပစ္စည်းကိရိယာ သို့မဟုတ် အဆောက်အအုံများကို နှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊

(ဌ) အပြစ်ကင်းသော ဖြတ်သန်းမှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် အခြားဆောင်ရွက်ချက် တစ်ခုခုကို ပြုလုပ်ခြင်း။

၉။ နိုင်ငံခြားရေယာဉ်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းမှုကို ပြုရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေများကို လိုက်နာရမည့်အပြင် ပင်လယ်ပြင်၌ ရေယာဉ်တိုက်မှု ဖြစ်ပွားခြင်းကို ကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာစည်းမျဉ်းများကိုလည်း လိုက်နာရမည်။

၁၀။ (က) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံး ရေယာဉ်များနှင့် အဏုမြူသဘောအရဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ၊ အခြားသောအန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများကို သယ်ဆောင်သောရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးသော ရေလမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖြတ်သန်းရာတွင် သက်ဆိုင်ရာရေယာဉ်သည် လိုအပ်သော စာရွက် စာတမ်းများကို ယူဆောင်လာရမည့်အပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအရ ယင်းရေယာဉ်များအတွက် သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အစီအမံများကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၁။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ရေယာဉ်သွားလာရေးလမ်းကြောင်းများနှင့် ရေယာဉ်လမ်းကြောင်းခွဲခြားမှုစနစ်၊ အစီအစဉ်များကို အောက်ပါအချက်များအား အလေးထား၍ ရေပုံပေါ်တွင် သတ်မှတ်ပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်-

(က) ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်ရှိသော ကျွမ်းကျင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၏ ထောက်ခံချက်၊

(ခ) အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုအတွက် အစဉ်အလာအားဖြင့် အသုံးပြုနေကျဖြစ်သော ရေလမ်းကြောင်းများ၊

(ဂ) အထူးဝိသေသလက္ခဏာရှိသော ရေယာဉ်များနှင့် ရေယာဉ်သွားလာရေးလမ်းကြောင်းများ၊

(ဃ) ရေယာဉ်အသွားအလာ ထူထပ်မှုအခြေအနေများ။

၁၂။ အစိုးရအဖွဲ့သည် -

(က) ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို တားဆီးကာကွယ်ရန်အတွက် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ခ) အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့် ရေယာဉ်များ သို့မဟုတ် အတွင်းပိုင်း ရေပြင်ပြင်ပရှိ ဆိပ်ကမ်းကဲ့သို့ အသုံးပြုနိုင်သည့်နေရာသို့ ဝင်ရောက်သည့် ရေယာဉ်များနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ ချိုးဖောက်ခြင်းကို တားဆီးကာကွယ်ရန် လိုအပ်သောအစီအမံများကို ဆောင်ရွက်နိုင်သည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးအတွက် ကာကွယ်ရန် လိုအပ်လျှင် ပိုင်နက်ပင်လယ်အတွင်း နိုင်ငံခြားရေယာဉ်များ၏ အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်းကို ခေတ္တရပ်ဆိုင်းနိုင်သည်။ ထိုကဲ့သို့ ရပ်ဆိုင်းထားခြင်းကို ကြေညာချက်ထုတ်ပြန်ပြီးမှ ဆောင်ရွက်ရမည်။

၁၃။ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်အား သာမန်အားဖြင့် အခကြေးငွေ စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံတော်သည် သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက်ကိုမူ အခကြေးငွေ စည်းကြပ်နိုင်သည်။

၁၄။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပိုင်နက်ပင်လယ်အတွင်း ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်များပေါ်တွင်ဖြစ်ပွားသော အောက်ဖော်ပြပါ ပြစ်မှုများ၊ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရေယာဉ်ကို ရပ်တန့် စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တက်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းပြုနိုင်သည်-

(က) ပြစ်မှုနှင့် ဆက်စပ်အကျိုးသက်ရောက်မှုသည် နိုင်ငံတော်သို့ ပျံ့နှံ့လာနိုင်သည့်ကိစ္စရပ် ဖြစ်ခြင်း၊

(ခ) ပြစ်မှုသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိပါးစေမည့်ကိစ္စရပ်ဖြစ်ခြင်း၊

(ဂ) ရေယာဉ်မှူးကဖြစ်စေ၊ သင်္ဘောတွင် လွှင့်ထူထားသောအလံနှင့် သက်ဆိုင်သည့် နိုင်ငံ၏ သံတမန်ကိုယ်စားလှယ် သို့မဟုတ် ကောင်စစ်အရာရှိကဖြစ်စေ နိုင်ငံတော်၏အကူအညီကို တောင်းခံလာသည့် ကိစ္စရပ်ဖြစ်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှု ဖြစ်ခြင်း၊

(င) အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ လက်နက်မှောင်ခိုမှု သို့မဟုတ် ပင်လယ်ဓားပြမှုများနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ဆိုင်သော ပြုလုပ်မှုကို နှိမ်နင်းရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုဖြစ်ခြင်း။

၁၅။ နိုင်ငံခြားရေယာဉ်သည် နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပြီးနောက် ယင်းရေပြင်မှ ထွက်ခွာပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းနေစဉ် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပုဒ်မ ၁၄ ပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်နိုင်သည်။

၁၆။ နိုင်ငံတော်သည် ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသောဖြတ်သန်းမှုဖြင့် ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စများတွင် တရားမကြောင်းအရ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်သည် -

(က) နိုင်ငံခြားရေယာဉ်က နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်နှင့် ပိုင်နက်ပင်လယ်တစ်လျှောက် ဖြတ်သန်းသည့် ခရီးစဉ်အတွင်း လိုက်နာရန်ရှိသည့် တာဝန်ကို ပျက်ကွက်ခြင်း သို့မဟုတ် ပေးဆောင်ရန် တာဝန်ရှိမှုကို ပျက်ကွက်ခြင်း၊

(ခ) နိုင်ငံခြားရေယာဉ်က အတွင်းပိုင်းရေပြင်၌ တရားမကြောင်းဆိုင်ရာ တာဝန်ရှိသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

## အခန်း(၄)
## ဆက်စပ်ဇုန်

၁၇။ နိုင်ငံတော်၏ ဆက်စပ်ဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်အပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသည်။

၁၈။ နိုင်ငံတော်သည် ဆက်စပ်ဇုန်တွင် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) နိုင်ငံတော်၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်ရေး၊

(ခ) နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဥပဒေများကို ဖောက်ဖျက်ခြင်းမပြုရန် ကြိုတင်တားဆီးကာကွယ်ရေးနှင့် ဖောက်ဖျက်သူတို့အား ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရေး။

## အခန်း (၅)
## သီးသန့်စီးပွားရေးဇုန်

၁၉။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်သည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့်တစ်ဆက်တည်းဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ ထိ ကျယ်ဝန်းသည်။

၂၀။ နိုင်ငံတော်သည် သီးသန့်စီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သီးသန့်စီးပွားရေးဇုန်အတွင်းရှိ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင် အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော သဘာဝသယံဇာတများကို စူးစမ်းရှာဖွေရေး၊ ဖမ်းယူရေးနှင့် တူးဖော်ထုတ်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး၊ ရေ၊ ရေစီးကြောင်းနှင့် လေတို့မှ စွမ်းအင်ထုတ်လုပ်ရေးအပါအဝင် အခြားသောစီးပွားရေးဆိုင်ရာ စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့အတွက် အချုပ်အခြာအခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များ၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့်အခြားပစ္စည်းကိရိယာများကို တည်ဆောက်ရေး၊ ထိန်းသိမ်းရေးနှင့် အသုံးပြုရေးတို့အတွက် သီးသန့်လုပ်ပိုင်ခွင့်နှင့် သီးသန့်အခွင့်အာဏာများ၊ ယင်းနေရာများအတွက် လုံခြုံရေးဇုံရိယာ သတ်မှတ်နိုင်သည့် အခွင့်အာဏာများ၊

(ဂ) အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးရေး၊ ကြီးကြပ်ကွပ်ကဲရေးနှင့် ထိန်းချုပ်ရေးတို့အတွက် သီးသန့်အခွင့်အာဏာများ၊

(ဃ) အဏ္ဏဝါပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ အဏ္ဏဝါညစ်ညမ်းမှုကို တားဆီးရေးနှင့် ထိန်းချုပ်ရေးတို့အတွက် လုပ်ပိုင်ခွင့်နှင့် အာဏာများ၊

(င) ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာကွန်ဗင်းရှင်းအရ အသိအမှတ်ပြုထားသော အခြားလုပ်ပိုင်ခွင့်များ။

၂၁။ နိုင်ငံအားလုံးသည် သီးသန့်စီးပွားရေးဇုန်အတွင်း ရေယာဉ်များ လွတ်လပ်စွာ ဖြတ်သန်းခွင့်၊ ယင်းဇုန်အထက်ရှိ လေထုအတွင်း လေယာဉ်များ လွတ်လပ်စွာပျံသန်းခွင့်၊ ယင်းဇုန်အတွင်း ရေအောက်ကေဘယ်ကြိုး၊ ပိုက်လိုင်းနှင့် ဆက်စပ်ပစ္စည်းများချထားသွယ်တန်းခွင့်တို့ကို ဥပဒေနှင့်အညီ အသုံးပြုနိုင်သည်။ ယင်းသို့ အသုံးပြုရာတွင် ပုဒ်မ ၂၀ ပါ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ထိခိုက်ခြင်း မရှိစေရ။

၂၂။ သီးသန့်စီးပွားရေးဇုန်အတွင်း သဘာဝသယံဇာတများကို စူးစမ်းရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေး၊ ဖမ်းယူရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးအလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် မည်သည့်ရေယာဉ်ကိုမဆို တက်ရောက်ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း(၆)
## ကမ်းလွန်ရေတိမ်ပိုင်း

၂၃။ နိုင်ငံတော်၏ ကမ်းလွန်ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီး ကုန်းပိုင်နက်နှင့် သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းအထိ တည်ရှိသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ ပါဝင်သည်။

၂၄။ ကမ်းလွန်ရေတိမ်ပိုင်း၏ သဘာဝသယံဇာတများဆိုရာတွင်-

(က) ဓာတ်သတ္တုနှင့် သက်ရှိ၊ သက်မဲ့သယံဇာတများပါဝင်သည်။ သက်ရှိ၊ သက်မဲ့သယံဇာတများတွင် ပင်လယ်အောက်ခြေတစ်နေရာတည်း၌ အတည်တကျ ပေါက်ပွားလေ့ရှိသော အပင်နှင့် ဖမ်းယူသင့်သည့်အချိန်၊ ဖမ်းယူသင့်သည့် အရွယ်၌ ပင်လယ်ကြမ်းပြင်ပေါ်တွင် ဖြစ်စေ၊ ပင်လယ်ကြမ်းပြင်အောက်တွင်ဖြစ်စေ၊ မရွေ့လျားနိုင်သော သို့မဟုတ် ပင်လယ်ကြမ်းပြင်နှင့်ဖြစ်စေ၊ အောက်ခံမြေထုနှင့်ဖြစ်စေ ထာဝစဉ်ထိတွေ့နေမှသာလျှင် ရွေ့လျားနိုင်သော သတ္တဝါများ ပါဝင်သည်။

(ခ) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ကြေညာသတ်မှတ်သော သဘာဝသယံဇာတများ ပါဝင်သည်။

၂၅။ နိုင်ငံတော်သည် ကမ်းလွန်ရေတိမ်ပိုင်းတွင် အောက်ပါလုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည် -

(က) သဘာဝသယံဇာတများကို စူးစမ်းရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ ဖမ်းယူခြင်း၊ ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(ခ) လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွန်စခန်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းကိရိယာများကို တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်အသုံးပြုခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၈၈။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သေဒဏ်ထိုက်သင့်သော ပြစ်မှုဆိုင်ရာအမှုကို ကျူးလွန်ကြောင်း စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်တရားခံအတွက် တရားရုံးတွင် နိုင်ငံတော် စရိတ်ဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ရှေ့နေငှားရမ်းပေးရမည်။

(ခ) ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် အကျဉ်းချမှတ်ခြင်းခံရသည့် ကလေးသူငယ်သည် လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရခြင်းကြောင့် နစ်နာသူကလေးသူငယ်သည် လည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလိုသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများသည် လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ရန် မိမိတို့၏ ကလေးသူငယ်မှုခင်းနှင့် သက်ဆိုင်သည့်ဒေသရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အကူအညီ တောင်းခံနိုင်သည်။

(ဂ) ကလေးသူငယ်တရားရုံးက ဤဥပဒေအရချမှတ်သော အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခွင့် ရှိစေရမည်။

(ဃ) ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးကဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်သောတရားရုံးကဖြစ်စေ ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ ပေးပို့ရမည်။ အကယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခြင်းဖြစ်ပါက ထိုသို့ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၈၉။ ဝန်ကြီးဌာနသည် -

(က) သင်တန်းကျောင်း သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ဤဥပဒေအရ ပို့အပ်ထားသော ကလေးသူငယ်ကို စည်းကမ်းချက်ထား၍ဖြစ်စေ၊ မထားဘဲ ဖြစ်စေလွှတ်ရန် မည်သည့်အခါမဆို အမိန့်ချမှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ဖြစ်ထွန်းစေမည်ဟု ယုံကြည်လျှင် ထောင်ဒဏ်ကျခံနေရသည့် ကလေးသူငယ်ကို အသက်(၂၀)နှစ် ပြည့်သည့်နေ့အထိ သင်တန်းကျောင်း သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ရွှေ့ပြောင်းထားရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ရွှေ့ပြောင်းထားသည့် ကောင်းမွန်စွာနေထိုင်ခြင်းပြုသော ကလေးသူငယ်၏ ကျန်ရှိနေသေးသော ထောင်ဒဏ်ကာလကို ပြန်လည်အကျိုးမသက်ရောက်စေရဟု အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) အရ ရွှေ့ပြောင်းထားသည့် ကောင်းမွန်စွာ နေထိုင်ခြင်းမပြုသော ကလေးသူငယ်၏ ကျန်ရှိနေသေးသော ထောင်ဒဏ်ကာလကို ပြန်လည် အကျိုးသက်ရောက်စေနိုင်သည်။ ထိုသို့ပြန်လည်အကျိုးသက်ရောက်စေလျှင် သင်တန်းကျောင်း သို့မဟုတ် ပြုစုစောင့်ရှောက်သူထံတွင် ကလေးသူငယ် နေထိုင်ခဲ့သည့် ကာလကို ပြစ်ဒဏ်ကျခံပြီး ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

## အခန်း (၂၃)
## ကလေးသူငယ် ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များ

၉၀။ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်တရားရုံးက ကလေးသူငယ်နှင့် စပ်လျဉ်း၍တာဝန်ပေးအပ်သောအခါတွင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အစီရင်ခံစာ တင်သွင်းခြင်း၊

(ခ) မိမိ၏ စောင့်ကြည့်ကြီးကြပ်မှု ခံယူရန် ကလေးသူငယ်တရားရုံးက အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်ကို သတ်မှတ်ထားသော နည်းလမ်းဖြင့် စောင့်ကြည့် ကြီးကြပ်ခြင်း၊

(ဂ) ကလေးသူငယ်ကို အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ဖွယ်ရာရှိကြောင်း သို့မဟုတ် ကလေးသူငယ်မှာ အန္တရာယ်ကျရောက်လျက်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိနှင့် ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခြင်း၊

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကိုတွေ့လျှင် ထိုကလေးသူငယ်ကို ထွက်ပြေးခဲ့သည့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊

(င) ပုဒ်မခွဲ (ဃ) အရ ထွက်ပြေးသည့် ကလေးသူငယ်မှာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရိုက်နှက်ဆုံးမခြင်း သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပုံစံတစ်မျိုးမျိုးဖြင့် ပြစ်ဒဏ်ပေးခြင်းကြောင့် ထွက်ပြေးခြင်းဖြစ်ပါက ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်အဖြစ်သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံးများ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမိဘ သို့မဟုတ် အုပ်ထိန်းသူ၊ ရပ်ရွာလူကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော ကလေးသူငယ်နှင့် သက်ဆိုင်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၂၄)
## အကျဉ်းထောင်များတွင် ကလေးသူငယ်များကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်း

၉၁။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် ထောင်ဒဏ်ချမှတ်ခံရသော ကလေးသူငယ်နှင့် စပ်လျဉ်း၍ -

(က) ကလေးသူငယ် အသက်(၁၈)နှစ် ပြည့်သည့်အထိ လူကြီး အကျဉ်းသားများနှင့် အတူတကွ မထားရှိရ။

(ခ) လူကြီးအကျဉ်းသားများ ကူးလူးဖြတ်သန်းသွားလာခြင်း မပြုနိုင်သည့် သီးခြားအဆောင် သို့မဟုတ် အခန်းတွင် ထားရှိရမည်။

(ဂ) သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ သူငယ်ချင်း မိတ်ဆွေများနှင့် လည်းကောင်း၊ ရှေ့နေ၊ ဥပဒေအကြံပေးနှင့်လည်းကောင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုရမည်။ ၎င်းတို့နှင့် ကလေးသူငယ်အကြား စာရေးသားဆက်သွယ်မှုနှင့် အခြား ဆက်သွယ်ပြောဆိုမှုများကို လျှို့ဝှက်ထားရှိရမည်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပစ္စည်းများမှအပ ကလေးသူငယ်ထံပေးပို့သည့် အစားအသောက်နှင့် သတ်မှတ်ထားသော ပစ္စည်းများပေးပို့ခြင်းကို လက်ခံခွင့်ပြုရမည်။

(င) အလုပ်ကြမ်း ခိုင်းစေခြင်း သို့မဟုတ် အကျဉ်းဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ သတ်မှတ်ထားသောစခန်းသို့ ပို့လွှတ်ခြင်း မပြုရ။

(စ) ကလေးသူငယ်အား ကျန်းမာရေးစစ်ဆေးခြင်းကို မဖြစ်မနေပုံမှန်ပြုလုပ်ပေးပြီး လိုအပ်ပါက ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ကလေးသူငယ်၏ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပြီး လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုမည့် သင်တန်းပို့ချခြင်း၊ ပညာသင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်ကြားပေးခြင်းတို့ပြုရမည်။

(ဇ) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ထောင်ဒဏ်မှ လျှော့ရက်ခံစားခွင့် ပေးရမည်။

၉၂။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် -

(က) ကိုယ်ဝန်ဆောင် အမျိုးသမီးအကျဉ်းသားအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ အကျဉ်းထောင်ပြင်ပဆေးရုံတစ်ခုခုတွင်သာ မီးဖွားနိုင်ရေး၊ မိခင်နှင့် ကလေးပြုစုစောင့်ရှောက်ရေးတို့အတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက် ပေးရမည်။ အကယ်၍ အကျဉ်းထောင်အတွင်း မွေးဖွားရသည်ဆိုပါက အကျဉ်းထောင်အတွင်း မွေးဖွားကြောင်းကို ကလေး၏မွေးစာရင်းတွင် ဖော်ပြခြင်း မပြုရ။

(ခ) မိခင် အကျဉ်းသား၏ ကလေးသူငယ်ကို အကျဉ်းထောင်ပြင်ပတွင် အုပ်ထိန်းမည့်သူ သို့မဟုတ် ပြုစုစောင့်ရှောက်မည့်သူ မရှိလျှင်ဖြစ်စေ၊ အကျဉ်းထောင်တွင် ကလေးမွေးဖွားလျှင်ဖြစ်စေ မိခင်က ဆန္ဒရှိလျှင် ကလေးသူငယ် အသက်(၄)နှစ် ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ နေထိုင်ခွင့်ပြုရမည်။ အကယ်၍ ထိုကလေးသူငယ်ကို မိခင်က ဆန္ဒရှိပါက အသက် (၆) နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

(ဂ) အကျဉ်းထောင်တွင် မိခင် အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်အတွက် အစားအသောက်နှင့် စားဝတ်နေရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ ဖြည့်ဆည်းပေးရန် တာဝန်ယူရမည်။ ထို့အပြင် ရှေ့ဦးအရွယ်ကလေးသူငယ်များအတွက် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများကို ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ရမည်။

(ဃ) မိခင် အကျဉ်းသားသည် အကျဉ်းထောင်တွင် ကွယ်လွန်သည့်အခါ အတူနေ ကလေးသူငယ်တစ်ဦးဦး ကျန်ရစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင်အကျဉ်းသားနှင့်အတူနေထိုင်သော ကလေးသူငယ်သည် အသက် (၆)နှစ် ပြည့်လျှင်သော် လည်းကောင်း၊ ကလေးသူငယ်ကို ပြုစုစောင့်ရှောက်ရန်နှင့် အုပ်ထိန်းရန်အတွက် အစီအစဉ်များပြုလုပ်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

(င) ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းနေကလေးသူငယ်များ အကျဉ်းထောင်အတွင်း အတန်းပညာ ဆက်လက်သင်ကြားနိုင်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေးအတွက် လည်းကောင်း၊ အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

၉၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော ကလေးသူငယ်အား အုပ်ထိန်း၍ ပြုစုစောင့်ရှောက်ပေးမည့် ဆွေမျိုးသားချင်းများထံ အပ်နှံရမည်။ အကယ်၍ဆွေမျိုးသားချင်းမရှိလျှင် ဤဥပဒေနှင့်အညီ သင့်လျော်သော ပြုစုစောင့်ရှောက်သူထံသို့ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းစဉ်ဖြင့် ဖြစ်စေအပ်နှံစေနိုင်သည်။

## အခန်း (၂၅)
## ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား အကူအညီနှင့် အကာအကွယ်ပေးခြင်း

၉၄။ ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ ကလေးသူငယ်တရားရုံး ရှေ့မှောက်တွင်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့် စပ်လျဉ်း၍ -

(က) ထိုကလေးသူငယ်များသည် ဤဥပဒေပါ အခြားအခွင့်အရေးများအပြင် အထူးသဖြင့် အောက်ပါအခွင့်အရေးများကို ခံစားခွင့်ရှိသည် -

(၁) တစ်ဦးချင်းလွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှုရရှိရန် အခွင့်အရေး၊

(၂) ကလေးသူငယ်နှင့် သင့်တော်သော ပတ်ဝန်းကျင်တွင်တွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ် ထွက်ဆိုရန် အခွင့်အရေး၊

(၃) မည်သည့်မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှု ခံယူရရှိရန် အခွင့်အရေး၊

(၄) အလေးဂရုပြုမှုဖြင့် ဆက်ဆံမှုရရှိခွင့်၊ အသက်အရွယ်နှင့် သင့်လျော်သော ရိုးရှင်းသည့်စကားအသုံးအနှုန်းဖြင့် မေးခွန်းများ မေးမြန်းဖြေကြားခွင့် အခွင့်အရေး၊

(၅) ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသော မသန်စွမ်းကလေးသူငယ်အတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူက နှုတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြ ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်သည့် အမူအရာဖြင့်ဖြစ်စေ ကိုယ်စား ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေး။

(ခ) ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့နှင့် အခြားအကူအညီများ ရရှိရေးအတွက် သတင်းအချက်အလက်များကို မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် ကူညီစောင့်ရှောက်သူထံ ကူညီဖြည့်ဆည်းပေးပိုင်ခွင့် ရရှိစေရမည်။

(ဂ) ကလေးသူငယ်များအား စစ်ဆေးရာတွင် -

(၁) ကျမ်းသစ္စာကျိန်ဆိုခြင်း မပြုစေဘဲ မှန်ကန်စွာ ထွက်ဆိုပါမည်ဟု ကတိသစ္စာပြုစေပြီး စစ်မေးရမည်။

(၂) ရှုပ်ထွေးသော မေးခွန်း၊ တစ်ဆက်တည်း မေးခွန်းနှင့် မလိုအပ်ဘဲ ထပ်ဆင့်မေးခွန်းများ မေးမြန်းခြင်း မပြုရ။

(၃) သက်သေခံ အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မိမိသက်သေအား အဓိကစစ်မေးခြင်းနှင့် အခြားတစ်ဘက်မှ ပြန်လှန်စစ်မေးပြီးနောက် ပြန်လည်စစ်မေးခြင်းပြုရာတွင် လည်းကောင်း၊ အခြားတစ်ဘက်မှ အမှုသည်၊ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ ကူညီသူ သို့မဟုတ် ရှေ့နေက ပြန်လှန် စစ်မေးခြင်းပြုရာတွင် လည်းကောင်း နိမိတ်ပြမေးခွန်းကို မေးမြန်းခြင်း မပြုရ။

(ဃ) မည်သူမျှ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ် သို့မဟုတ် မှုခင်းတွင်သက်သေအဖြစ် ပါဝင်နေသော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များရယူခြင်း၊ ထည့်သွင်းခြင်းနှင့် ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်း မပြုရ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်း မပြုရ။

(င) ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ် ထွက်ဆိုသော ကလေးသူငယ်များနှင့် ဆက်နွယ်ပတ်သက်သူများသည် ကလေးသူငယ်မှုခင်းကိစ္စကို ထုတ်ဖော်ခြင်းမပြုဘဲ လျှို့ဝှက်ထားရှိရမည်။

၉၅။ ဝန်ကြီးဌာနသည် ပြစ်မှုကျူးလွန်ခြင်းခံရသူကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၂၆)
## အယူခံခြင်း

၉၆။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား မွေးစားခြင်းကို မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ အယူခံနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်မှန်း၍ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်း

**မုံရွာ ဇူလိုင် ၁၉**

ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်မှန်းကာ နှစ်(၇၀)ပြည့် အာဇာနည်နေ့ ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မုံရွာမြို့ အုတ်ကန်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ နန္ဒောဘာသ မဟာမထေရ်မြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြကာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မုံရွာမြို့ ရန်ကင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ မထေရ်မြတ်ထံတော်မှ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# အာဇာနည်ခေါင်းဆောင်ကြီးများအားအလေးပြုပွဲ မန္တလာသီရိအားကစားကွင်းတွင်ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ နှစ်(၇၀) ပြည့် အာဇာနည်နေ့အထိမ်းအမှတ် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးများအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသကျောင်း နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်သည်။

ထို့နောက် ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကြည်ညိုပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့အစည်းဝင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းဒေသကြီး သံဃာနာယကဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများက ရေစက်ချအမျှပေးဝေကြသည်။

ဆက်လက်၍ နှစ် (၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် လူထုအလေးပြုပွဲကို နံနက် ၈ နာရီတွင် ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန်ဒေါက်တာ ရဲလွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် မန္တလေးတပ်နယ်မှ အရာရှိကြီးများ၊ အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားကျောင်းသူများက သတ်မှတ်ထားသည့်အစီအစဉ်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူပန်းခွေချအလေးပြုကြသည်။

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်(၇၀) ပြည့် အာဇာနည်နေ့အထိမ်းအမှတ်ပြခန်းအား မန္တလာသီရိအားကစားကွင်းခန်းမ၌ ခင်းကျင်းပြသထားရာ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများအဖွဲ့လိုက် ညနေ ၃ နာရီ အထိ လာရောက် ကြည့်ရှုကြကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# ကျေးရွာ ၁၈ ရွာခန့် ကုသရေး လွှမ်းခြုံနိုင်မည့် (၁၆) ခုတင်ဆံ့ ဆင်မတောင် တိုက်နယ်ဆေးရုံဖွင့်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဆင်မတောင်ကျေးရွာအုပ်စု ဆင်မတောင်ကျေးရွာတွင် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားကို အဆိုပါတိုက်နယ်ဆေးရုံသစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီးနောက် တိုက်နယ်ဆေးရုံသစ်ဆောက်လုပ်သည့် သားကောင်းအပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသားကောင်းက မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်ထံ အဆောက်အအုံဆိုင်ရာ ဆောက်လုပ်ရေးမှတ်တမ်းများအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကုသရေးဦးစီးဌာနမှူးက ဆေးပဒေသာပင် အလှူငွေ ကျပ် ၁၀ သိန်း၊ ဆောက်လုပ်ရေးကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသားကောင်းက ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းတို့အား ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆင်မတောင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်အား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် ဆောက်လုပ်ရေးကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသားကောင်းတို့က တိုက်နယ်ဆေးရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ဒု-ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူပြည်သားများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆင်မတောင်ကျေးရွာသည် အိမ်ခြေ ၃၉၂၉ အိမ်၊ အိမ်ထောင်စု ၄၁၀၈ စု၊ လူဦးရေ ၁၈၅၁၉ ဦးခန့်ရှိပြီး အဆိုပါ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပြီးပါက အနီးအနားရှိ ကျေးရွာပေါင်း ၁၈ ရွာခန့် ကုသရေးလုပ်ငန်းများ လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံတွင် အထက်တန်း သူနာပြုတစ်ဦးနှင့် ဆေးစပ်တစ်ဦးခန့်ထားပြီး ဆင်ပေါင်ဝဲမြို့နယ်ဆေးရုံမှ အလှည့်ကျတာဝန် ဆရာဝန်စေလွှတ်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆင်မတောင်ဆေးရုံအား ၁၉၇၅ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနသို့ တိုးမြှင့်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တိုက်နယ်ဆေးရုံသို့ တိုးမြှင့်ရရှိ၍ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ခွင့်ပြုရရှိခဲ့သည့်အတွက် သားကောင်းအပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**



&Sfynf , ft a&Sif) rlifqwf
c½dkifrSdifwkdkwifZlvdif18 &uf
eHuf7 em&Dcef a&uaD&vlH
jzpfay í rSdifwkdkwkdyfuufSh
urpefaumifvrfukdqufb , f
xm;aom t&Sf7ay t us , f16
ay tjrihf2ay&Grkdkwkdmifukl
opfbm;wWm; uskdyufbm;
aumifodbonf
c½dkifjyefqufh

# နိုင်ငံ့ဝန်ထမ်းများအားလစာ၏သုံးဆငွေထုတ်ချေးမှုရက်အကန့်အသတ်မရှိရပ်ဆိုင်း



**ချမ်းအေးသာစံ ဇူလိုင် ၁၉**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ နိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏သုံးဆကို ဇူလိုင် ၃ ရက်မှစ၍ထုတ်ချေးပေးခဲ့သည်။ ချေးငွေရယူလိုသော မန္တလေးမြို့ရှိနိုင်ငံ့ဝန်ထမ်းများသည် ချမ်းအေးသာစံမြို့နယ် ၈၃ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)တွင် ချေးငွေပုံစံရယူနိုင်ရန် နံနက် ၃ နာရီခန့်မှလာရောက်၍တန်းစီစောင့်ဆိုင်းခြင်း၊ ဝန်ထမ်းမဟုတ်သူများမှ လာရောက်တန်းစီနေရာရောင်းစားခြင်း၊ ချေးယူသူများပြားပြီး လမ်းများပိတ်ဆို့ခြင်း၊ ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေသည့်ပြဿနာများ၊ အပြုအမူနှင့်ဘဏ်မှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ဇူလိုင် ၁၈ ရက်မှစတင်ပြီး ချေးငွေထုတ်ချေးခြင်းအား ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ကြောင်း အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(မန္တလေး)က ကြေညာထားသည်။

ဇူလိုင် ၃ ရက်မှ ၁၂ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်း အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်များမှ နိုင်ငံ့ဝန်ထမ်း ၈၀၀၀ ကျော်အား ချေးငွေများ ထုတ်ပေးနိုင်ခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ**

# မူးခင်းဖြစ်ပွားမှုကျဆင်းရေး အသိပညာပေးဟောပြော

**မြစ်ကြီးနား ဇူလိုင် ၁၉**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၏ လမ်းညွှန်မှုဖြင့် မြစ်ကြီးနားမြို့နယ်အတွင်း မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွှယ်အောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးဦးက အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတ်မှတ်ချက်အရ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံအား သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု(အေ)အဆင့်သတ်မှတ်

နိုင်လင်းကြည်၊ ကိုမင်း



ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်း

**သွေးလွန်တုပ်ကွေးရောဂါဟာ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာသည့်အတွက် ပြည်သူ့ကျန်းမာရေးပြဿနာ တစ်ခုအဖြစ် အထူးဂရုစိုက်ရန် လိုအပ်လျက်ရှိပြီး ဇူလိုင်လသည်လည်း မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အမြင့်ဆုံးအချိန်ဖြစ်သည်။ ထို့ကြောင့် သွေးလွန်တုပ်ကွေးကူးစက်တတ်သည့် အကြောင်းရင်းများ၊ သွေးလွန်တုပ်ကွေးရောဂါပိုးပျံ့နှံ့ရောက်ရှိလာပုံများ၊ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ ကုသရေး၊ နှိမ်နင်းရေး၊ အသိပညာပေးရေးများနှင့် စပ်လျဉ်း၍ ပြည်သူများကို ကျန်းမာရေး ဗဟုသုတအဖြစ်မျှဝေနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာန(ခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်-**

**ပထဦးဆုံးအနေနဲ့ သွေးလွန်တုပ်ကွေးရောဂါ ဘာကြောင့်ဖြစ်ပွားရသလဲဆိုတာနဲ့ ပတ်သက်ပြီး သိလိုပါတယ်။**

သွေးလွန်တုပ်ကွေးဖြစ်ပွားရတဲ့အကြောင်းရင်းကတော့ အဓိကအားဖြင့် နှစ်ပိုင်းရှိပါတယ်။ ပထမအပိုင်းအနေနဲ့ သွေးလွန်တုပ်ကွေးရောဂါဟာ သွေးလွန်တုပ်ကွေးရောဂါဗိုင်းရပ်စ် Dengue Virus ပိုးကြောင့်ဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်က မျိုးစိတ်အားဖြင့်တော့ တစ်ခုတည်းပါပဲ။ ဒါပေမယ့် သူ့မှာ ထူးဆန်းတာက အသွင်ကွဲက လေးမျိုးရှိပါတယ်။ သူ့ထဲမှာပါဝင်တဲ့ မျိုးဗီဇကတော့ ၇၅ ရာခိုင်နှုန်းလောက် တူညီပါတယ်။ ၂၅ ရာခိုင်နှုန်းစီလောက်က မတူတဲ့ အခါကျတော့ Dengue Virus မှာ Type(1), (2), (3), (4) ဆိုပြီးတော့ အသွင်ကွဲ လေးမျိုးဖြစ်သွားတယ်။ အဲဒီလိုအသွင်ကွဲလေးမျိုးဖြစ်တာဟာ လူသားတွေအတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိလဲဆိုရင် သွေးလွန်တုပ်ကွေးရောဂါအမျိုးအစား တစ်မျိုးမျိုးက လူတွေကို ကူးစက်တယ်ဆိုလို့ရှိရင် အဲဒီလူဟာ ကူးစက်ခံရမှုကြောင့် ဘာမှ အန္တရာယ်ဖြစ်မသွားဘူးဆိုရင် သေဆုံးအချိန်အထိ အဲဒီရောဂါပိုးကြောင့် ဘယ်တော့မှ ကူးစက်မခံရတော့ပါဘူး။ သို့သော်လည်းပဲ ဆိုးတဲ့ဘက်က ဘာလဲဆိုတော့ ဒီတစ်မျိုးက ထပ်မံကူးစက်မခံရတော့ပေမယ့် နောက်တစ်မျိုးက ထပ်မံပြီး ကူးစက်ခံရနိုင်ခြေရှိတယ်။ အဲဒီလို ကူးစက်ခံရပြီဆိုရင် ရောဂါပြင်းထန်မှုအန္တရာယ်ဟာ ပိုများလာတယ်။ အဲဒါကတော့ သွေးလွန်တုပ်ကွေးရောဂါပိုးရဲ့ အနေအထားကို ပြောတာပါ။

ဒုတိယအချက်အနေနဲ့ အဲဒီပိုးကလည်း လူတွေရဲ့ ခန္ဓာကိုယ်ထဲကို ခြင်ကနေတစ်ဆင့် ရောက်ရှိလာတာဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို သယ်တဲ့ ခြင်နာမည်ကတော့ AEDES လို့ ခေါ်ပါတယ်။ AEDES ခြင်မှာ နှစ်မျိုးရှိပါတယ်။ အဲဒီခြင်နှစ်မျိုးမှ ရောဂါပိုးသယ်ဆောင်မှုမှတစ်ဆင့် လူတွေဆီကို ကူးစက်တာဖြစ်ပါတယ်။

**သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုအနေအထားလေးကိုလည်း ရှင်းပြပေးပါဦး။**

သွေးလွန်တုပ်ကွေးကူးစက်တာ ပထမတစ်နည်းကို တင်ပြရမယ်ဆိုရင် ဥပမာအားဖြင့် ကလေးငယ် တစ်ယောက်က သွေးလွန်တုပ်ကွေးရောဂါကြောင့် ဖျားတယ်ဆိုကြပါစို့။ စဖျားတဲ့ ရှေ့ကနှစ်ရက်ကတော့ သိပ်ပြီးတော့ မသိနိုင်ဘူး။ စဖျားတဲ့ရက်ရဲ့ နောက်က ငါးရက်စုစုပေါင်းတစ်ပတ်တိတိမှာ ရောဂါဖြစ်တဲ့ ကလေးရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးလွန်တုပ်ကွေးရောဂါဗိုင်းရပ်စ်တွေ အင်မတန်မှ များပြားနေပြီဖြစ်ပါတယ်။ အဲဒီအချိန်မှာ သွေးလွန်ရောဂါပိုးကို သယ်ဆောင်ပေးနိုင်တဲ့ ခြင်ကျားတစ်ကောင်ကောင်က အဲဒီကလေးကို ကိုက်လိုက်မယ်ဆိုရင် အဲဒီကလေးငယ်မှတစ်ဆင့် ခြင်ကို ကူးစက်တယ်။ ကလေးငယ်မှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါပိုး ကူးစက်ခံရတဲ့ခြင်ဟာ ချက်ချင်းကြီးတော့ တခြားလူတွေကို ကူးစက်တာမဟုတ်ပါဘူး။ ကူးစက်ခံရတဲ့ခြင်ရဲ့ အစာအိမ်လမ်းကြောင်း အဲဒီပိုးတွေက ပွားပြန်တယ်။ အဲဒီကမှတစ်ဆင့် ခြင်ရဲ့ တံတွေးအိတ်ကို ရောက်ရှိသွားပြီး လူတစ်ဦး ကိုက်ခံရမယ်ဆိုလျှင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခြင်းကို ခံရမှာဖြစ်ပါတယ်။

နောက်တစ်နည်းကတော့ သွေးလွန်တုပ်ကွေးရောဂါပိုးဟာ ရံဖန်ရံခါ ခြင်ရဲ့ အစာအိမ်လမ်းကြောင်းမှတစ်ဆင့် တံတွေးအိတ်ထဲကို မသွားဘဲနဲ့ မျိုးပွားတဲ့လမ်းကြောင်းထဲကို ရောက်သွားတဲ့အခါကျတော့ ခြင်ရဲ့ ဥလောင်းလေးတွေ ကူးစက်ပါတယ်။ ဥမှတစ်ဆင့် ခြင်ကနေ ခြင်ကို ကူးစက်တတ်ပါတယ်။ အဲဒီခြင်ကမှတစ်ဆင့် လူကို ထပ်မံကူးစက်နိုင်ပါတယ်။

**သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုများပြားလာရခြင်းရဲ့ အဓိကအကြောင်းအရင်းတွေက ဘာတွေဖြစ်မလဲ ခင်ဗျ။**

သွေးလွန်တုပ်ကွေးရောဂါဟာ တစ်နှစ်ထက်တစ်နှစ် များပြားလာတယ်ဆိုတာကတော့ အဓိကကတော့ ရာသီဥတုတွေပြောင်းလဲမှုကြောင့်ပါ။ ဒုတိယအချက်ကတော့ လူတွေရဲ့ ခရီးသွားလာရွှေ့ပြောင်းနေထိုင်မှု ပိုမိုများပြားလာတဲ့အတွက် ရောဂါပိုးရှိတဲ့ခြင်တွေကို တစ်နေရာနဲ့ တစ်နေရာ လွယ်လင့်တကူ ကူးပြောင်းရောက်ရှိစေပါတယ်။ တတိယအချက်ကတော့ သွေးလွန်တုပ်ကွေးရောဂါပိုးဥတွေရှိနေတဲ့ တာယာအဟောင်းတွေကို နိုင်ငံတစ်နိုင်ငံကနေ တင်သွင်းမယ်ဆိုရင်လည်း အဲဒီနိုင်ငံကို သွေးလွန်တုပ်ကွေးရောဂါပိုးတွေ ကူးပြောင်းရောက်ရှိနိုင်ပါတယ်။ အဲဒီခြင်ဥတွေဟာ ရေမရှိလည်းပဲ ရက်ပေါင်း ၄၀၀ အထိ နေနိုင်ပြီး ရေထိလိုက်မယ်ဆိုရင် ပေါက်ပွားပြီး အဲဒီခြင်နဲ့ အတူ ဗိုင်းရပ်စ်မျိုးစိတ်အသစ်တွေ ဝင်ရောက်လာနိုင်ပါတယ်။

ဒ့ါအပြင် ရေသိုလှောင်မှုမှတစ်ဆင့် သွေးလွန်တုပ်ကွေးရောဂါပိုးတွေ ပေါက်ပွားပျံ့နှံ့လာနိုင်ပါတယ်။ ရေသိုလှောင်ထားရှိမှုတွေရှိတဲ့အတွက် ရေကြည်ရေသန့်မှာ ပေါက်ပွားလေ့ရှိတဲ့၊ သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်တဲ့ AEDES ခြင်မ အကြိုက်ပါပဲ။ အဲဒီလှောင်ထားတဲ့ရေတွေကိုသာ သေသေချာချာဖုံးထားမယ်။ ဖုံး၊ သွန်၊ လဲ၊ စစ် အစရှိသဖြင့် ခြင်ကျားပိုးလောက်လမ်းမရှိအောင်လုပ်ထားမယ်ဆိုတဲ့ အလေ့အကျင့်မရှိဘူးဆိုရင် အဲဒီနေရာတွေက ခြင်ကျားမများ ဥဥချဖို့ အင်မတန်မှကို ကောင်းတဲ့နေရာတွေဖြစ်တယ်။ နောက်တစ်မျိုးက အသုံးမလိုလို့ လွှင့်ပစ်လိုက်တဲ့ ဘက်ထရီအိုးပျက်တွေ၊ တာယာအဟောင်းတွေ၊ အချိုရည်ဘူးခွံတွေက ပတ်ဝန်းကျင်ကို ညစ်ညမ်းစေတဲ့အပြင် မိုးရွာလိုက်လို့ ရေတင်ကျန်ခဲ့မယ်ဆိုရင်လည်း အဲဒီနေရာတွေမှာ ခြင်ကျားမမှ ထောင်နဲ့ချီပြီး ဥဥချဖို့ အင်မတန်ကောင်းတဲ့ နေရာတွေပဲဖြစ်ပါတယ်။ နောက်ပြီးတော့ မိုးရေတင်ကျန်နေတဲ့ ခုတ်ပြီးသားဝါးပိုးရုံတွေမှာ ခြင်ကျားမဟာ ဥဥချနိုင်တဲ့အပြင် ဝါးဖတ်တွေဟာလည်း ခြင်ကျားမရဲ့ အစာလည်းဖြစ်ပါတယ်။

**မြန်မာနိုင်ငံဟာဆိုရင် အရှေ့တောင်အာရှမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအဆင့် ဘယ်လောက်သတ်မှတ်ခံထားရပါသလဲဆိုတာလည်း သိလိုပါတယ်။**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ သတ်မှတ်ချက်အရ အရှေ့တောင်အာရှနိုင်ငံများမှာ မြန်မာနိုင်ငံကို သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များလေ့ရှိတဲ့ (အေ)အဆင့် သတ်မှတ်ထားပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါဟာ ပထမအချက်အနေနဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေနဲ့ရှိရမယ်။ ဒုတိယအချက်က ကလေးသူငယ်တွေ ဆေးရုံတက်ရရင် သွေးလွန်တုပ်ကွေးဟာ ထင်ရှားတဲ့ အကြောင်းရင်းရှိပြီးတော့ ကလေးသူငယ်တွေကို သေဆုံးစေတယ်။ တတိယအချက်ကတော့ နိုင်ငံတစ်နိုင်ငံထဲမှာ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်အသွင်ကွဲက လေးမျိုးစလုံးရှိရမယ်။ စတုတ္ထအချက်ကတော့ သွေးလွန်တုပ်ကွေးရောဂါဟာ မြို့ရော ကျေးလက်တောရွာပါ ပျံ့နှံ့ရမယ်။ အရင်တုန်းက သွေးလွန်တုပ်ကွေးရောဂါကို မြို့ရောဂါလို့ ပြောလို့ရတယ်။ အခုနောက်ပိုင်းမှာတော့ ကျေးလက်တောရွာတွေကိုပါပျံ့နှံ့သွားပြီ။ ဆရာတို့နိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီးတော့ အဲဒီလို အချက်လေးချက်စလုံးနဲ့ ကိုက်ညီတဲ့အတွက်ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (အေ)အဆင့် သတ်မှတ်ထားခြင်းဖြစ်ပါတယ်။

**သွေးလွန်တုပ်ကွေးမဖြစ်ပွားအောင်ဆိုရင် ဘယ်လိုတွေလိုက်နာဆောင်ရွက်သင့်ပါသလဲ။**

ဆရာတို့အနေနဲ့ ကြိုတင်ကာကွယ်ရေးအပိုင်းမှာ အဓိကလုပ်တဲ့ နှစ်ပိုင်းကို ပြောချင်ပါတယ်။ ပထမတစ်ပိုင်းကတော့ လူထုအခြေပြု ပိုးလောက်လမ်းနှိမ်နင်းရေးဗျူဟာကို အဓိကထားပြီးတော့ လုပ်ပါတယ်။ ဘာလို့ အဲဒီဗျူဟာကို အဓိကထား လုပ်ဆောင်သလဲဆိုရင် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုးဟာ သူ့ချည်းပဲ လူတွေရဲ့ ခန္ဓာကိုယ်ထဲကို ရောက်လာတာမဟုတ်ပါဘူး။ ခြင်ကျားမကနေတစ်ဆင့် ရောက်လာတဲ့အတွက်ကြောင့် ခြင်ကျားမကို နှိမ်နင်းရမယ်။ ခြင်ကျားတွေမှာ သက်ကြီးကောင်က နှိမ်နင်းရခက်တယ်။ ခြင်ကျားအမတွေရဲ့ ဥထားတဲ့ဥတွေက ရေတိုင်ကီ၊ အုတ်ကန်တွေရဲ့နံရံတွေမှာ သွားကပ်နေတတ်တယ်။ အဲဒါကြောင့် ရေလှောင်ထားတဲ့ အရာတွေကို ပွတ်တိုက်ဆေးကြောခြင်းနဲ့ ဖယ်ရှားပစ်လို့ရပါတယ်။ ဒါလည်းမမြင်ရဘဲလုပ်နေရတဲ့သဘောမျိုးဖြစ်ပါတယ်။ ဥကနေပေါက်လာတဲ့ ပိုးလောက်လမ်းတွေကတော့မြင်သာတယ်။ မြောင်းထဲကပိုးလောက်လမ်းကတော့ ဆင်ခြေထောက်ရောဂါပိုးကိုသယ်တာ။ လယ်ကွင်းထဲက ပိုးလောက်လမ်းက ဂျပန်ဦးနှောက်ရောင်ရောဂါကိုသယ်တာ။ ရေကြည်ရေသန့်ထဲက ပိုးလောက်လမ်းကသာ ခြင်ကျားပိုးလောက်လမ်းဖြစ်တယ်။ ဒီကောင်တွေကို ဖုံး၊ သွန်၊ လဲ၊ စစ် ပုံစံနဲ့ ဖယ်ရှားရမယ်။ အဲဒါကိုလည်း တစ်ပတ်ကို နှစ်ကြိမ် ဒါမှမဟုတ် တစ်ကြိမ်တော့လုပ်ပေးရပါမယ်။ ပိုးလောက်လမ်းကလည်း ရေထဲမှာ ခုနစ်ရက်ပဲနေတာ ပြီးရင်အကောင်ဖြစ်သွားပြီ။ ဒါကြောင့် လူတွေအတွက် အစွမ်းနိုင်ဆုံးနဲ့ ခြင်တွေဘက်က အားအနည်းဆုံး အချိန်ဖြစ်တဲ့ ပိုးလောက်လမ်းဘဝဖြစ်နေတဲ့အချိန်မှာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်လိုက်တာနဲ့ အကောင်ထောင်ချီပြီးသေသွားမယ်။ ရပ်ကွက်လုံးပြည့်၊ ရွာလုံးပြည့် ခြင်ကျားပိုးလောက်လမ်းတစ်ကောင်မှမရှိရင် သွေးလွန်တုပ်ကွေးရောဂါဖြစ်စရာအကြောင်းမရှိပါဘူး။

အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက လူထုကိုဦးဆောင်မှုပေးရမယ်။ နီးနွယ်ဌာနအသီးသီးကလည်း ခြင်ကျား ပိုးလောက်လမ်း နှိမ်နင်းရေးမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းကပေးတဲ့ သက်ဆိုင်ရာတာဝန်တွေကို ယူကြဖို့လိုတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာလည်း အဓိကတာဝန်သုံးရပ်ရှိတယ်။ စီမံချက်အကြမ်းတွေရေးဆွဲ၍ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေနဲ့ သက်ဆိုင်ရာလူထုနဲ့ ချိတ်ဆက်ပေးပြီး လူထုက တစ်ပတ်တစ်ခါ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်တတ်လာအောင် အသိပညာပေးရမယ်။ လူထုက ခြင်ကျား ပိုးလောက်လမ်းမရှိအောင် လုပ်ပြီးပြီဆိုရင် ကျန်းမာရေးပိုင်းကလည်း သုတေသနအငယ်တွေလုပ်ရမယ်။ ခြင်ကျားပိုးလောက်လမ်း နှိမ်နင်းရေးကိစ္စမှာ ပြည်သူရော အုပ်ချုပ်ရေးအဖွဲ့အစည်းအသီးသီးရော၊ လူထုကို အခြေပြုအဖွဲ့အစည်းအသီးသီးရော၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေရော အားလုံးက တညီတညွတ်တည်းဆောင်ရွက်မှ အောင်မြင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက ခြင်ကျား ပိုးလောက်လမ်းသေတဲ့ဆေးကို သုံးပြီးနှိမ်နင်းတာပါ။

**သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာပြီဆိုရင် ဘယ်လိုနှိမ်နင်းရမလဲဆိုတာနဲ့ ကုသရေးအပိုင်းကိုလည်း ရှင်းပြပေးပါဦး။**

နှိမ်နင်းရေးအပိုင်းမှာ ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးလူနာတစ်ဦးရှိလာပြီဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ တာဝန်ဖြစ်သွားပြီ။ လူနာနဲ့ ကိုက် ၁၀၀ ပတ်ဝန်းကျင်မှာ သက်ကြီးကောင်ခြင်ရော၊ ပိုးလောက်လမ်းရောမရှိအောင်နဲ့ လူနာမှာရှိတဲ့ရောဂါပိုးတွေတခြားနေရာပြန့်မသွားအောင် နှိမ်နင်းဖို့ပါ။ အဲဒီအချိန်မှာ အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ လူထုက ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကို ပြန်ပံ့ပိုးကူညီရပါမယ်။

ကုသရေးနဲ့ ပတ်သက်ရင်တော့ ကျန်းမာရေးဗဟုသုတတွေ လူထုမှာရှိသင့်သလောက်ရှိပါတယ်။ ကိန်းဂဏန်းနဲ့ ပြောရရင် ဒီနှစ်အတွင်းမှာ ၄၄၂၉၄၅ ကြိမ်အထိ လူထုကိုပညာပေးပြီးဖြစ်ပါတယ်။ တက်ရောက်သူကတော့ ၃၈၉ သိန်းရှိပါတယ်။ လူထုမှာ သွေးလွန်တုပ်ကွေးနဲ့ ပတ်သက်ပြီး အသိပညာရှိသင့်သလောက်ရှိပါတယ်။ ပညာရှိပေမယ့် အဲဒီပညာကို သတိနဲ့ တွဲရပါမယ်။

လူထုအနေနဲ့ အကြောက်မလွန်စေချင်ဘူး။ မကြောက်ဘဲလည်း မရှိစေချင်ဘူး။ ဆိုလိုတာက အစွန်းတရားနှစ်ဖက်ကို မသွားဖို့လိုတယ်။ သိပ်ကြောက်တာလည်း မကောင်းသလို လုံးလုံးမကြောက်တာလည်း အလုပ်မဖြစ်ဘူး။ ကျန်းမာရေးဗဟုသုတရှိတယ်ဆိုပေမယ့် ပညာရေးအခြေခံ နည်းတာတွေရှိတာကြောင့် အများကြီးတော့ ကြိုးစားရဦးမှာပါ။

**စာမျက်နှာ ၂၁ သို့**

> ခြင်ကျားတွေမှာ သက်ကြီးကောင်က နှိမ်နင်းရခက်တယ်။ ခြင်ကျားအမတွေရဲ့ ဥထားတဲ့ ဥတွေက ရေတိုင်ကီ၊ အုတ်ကန်တွေရဲ့နံရံတွေမှာ သွားကပ်နေတတ်တယ်။ အဲဒါကြောင့် ရေလှောင်ထားတဲ့ အရာတွေကို ပွတ်တိုက် ဆေးကြောခြင်းနဲ့ ဖယ်ရှားပစ်လို့ရပါတယ်။ ဒါလည်းမမြင်ရဘဲလုပ်နေရတဲ့ သဘောမျိုးဖြစ် . . .

# EXO ရဲ့ တေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO က လတ်တလောမှာ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်နဲ့အတူ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုကိုပါ ထုတ်လွှင့်ပေးခဲ့တာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၈ ရက်မှာ EXO ဟာ အဖွဲ့ရဲ့ လေးခုမြောက်တေးအယ်လ်ဘမ်သစ် “The War”ကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပြီး တေးအယ်လ်ဘမ်နဲ့အတူ ခေါင်းစီးတေး “Ko Ko Bop”ရဲ့ တေးဗီဒီယိုကိုပါ ထုတ်လွှင့်ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ထုတ်လွှင့်ပြီးတဲ့နောက် ၂၄ နာရီအတွင်းမှာပဲ ယင်းတေးသီချင်းဟာ ဒေသတွင်းမှာရှိတဲ့ တေးဂီတဝက်ဘ်ဆိုက်ဒ်တွေကို ဦးဆောင်ထားနိုင်ခဲ့ပြီး နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ iTunes ပေါ်မှာလည်း နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့တာတွေ့ရပါတယ်။

ဒီလိုအောင်မြင်မှုတွေရရှိခဲ့ပေမယ့် တစ်ဖက်မှာလည်း အဆိုပါတေးဂီတအဖွဲ့ဟာ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းနဲ့ပတ်သက်ပြီး ဝေဖန်သံတွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ “Ko Ko Bop”ဟာ အခြားသော နာမည်ကျော်တေးသံရှင်တစ်ဦးရဲ့တေးသီချင်းနဲ့ အလွန်ဆင်တူနေကြောင်းနဲ့ EXO အနေနဲ့ ဒေးဗစ်ဂတ်တာရဲ့ “Light My Body Up”ကို ကူးချဖန်တီးခဲ့ဟန်ရှိကြောင်း ဝေဖန်စွပ်စွဲသံတွေဟာလည်း ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ တေးအယ်လ်ဘမ်သစ် “The War” မှာတော့ အဖွဲ့ဝင် ရှစ်ဦးပါဝင်ဖန်တီးထားတာဖြစ်ပြီး တေးအယ်လ်ဘမ်မထွက်ရှိမီကပင် အယ်လ်ဘမ်စုစုပေါင်း ရှစ်သောင်းကျော်ရောင်းချခဲ့ရတာဖြစ်တဲ့အတွက် အနုပညာသက်တမ်းတစ်လျှောက်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်တွေအနက် ကြိုတင်ရောင်းချခဲ့ရတဲ့တေးအယ်လ်ဘမ်အရေအတွက် အများဆုံးရရှိခဲ့တဲ့တေးအယ်လ်ဘမ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ယခင်ကထွက်ရှိခဲ့ပြီးဖြစ်တဲ့ “EX'ACT”တေးအယ်လ်ဘမ်ကတော့ တေးအယ်လ်ဘမ်စုစုပေါင်း ၆၆၀၀၀ ကျော် ကြိုတင်ရောင်းချခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

“The War” ဟာ EXO ရဲ့ တေးအယ်လ်ဘမ်အပြည့်အနေနဲ့ ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး ယခင်ထွက်ရှိရှိခဲ့ပြီးဖြစ်တဲ့ တေးအယ်လ်ဘမ်တွေနဲ့မတူဘဲ ယင်းတေးအယ်လ်ဘမ်မှာတော့ အရောင်တွေနဲ့ အဓိကပုံဖော်ပေးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။






# သီးသန့်အပြင်ထွက်ခွင့်မရကြတဲ့ BLACKPINK အဖွဲ့သားများ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BLACKPINK”ရဲ့ အဖွဲ့ဝင်တွေဟာ သူတို့ရဲ့အေဂျင်စီက တာဝန်ရှိသူတစ်ဦးမျှမပါဘဲ အဖွဲ့ဝင်တွေချည်း သီးသန့်အပြင်ထွက်လည်ပတ်တာမျိုး တစ်ခါမျှ မရှိခဲ့ဖူးကြောင်း မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရေဒီယို အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက KBS ရဲ့ FM ရေဒီယိုနဲ့ ပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာ အဖွဲ့ဝင်တွေက အပြင်ထွက်လည်ပတ်တာနဲ့ပတ်သက်ပြီး ပြောကြားတဲ့အခါမှာ အခုလို မလွတ်လပ်တဲ့အခြေအနေမျိုးမှာ နေထိုင်နေရတာဖြစ်ကြောင်း ဖွင့်ဟခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါအင်တာဗျူးမှာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီဆာက သူတို့အနေနဲ့ လတ်တလောမှာ ဂျပန်ပရိသတ်တွေအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုကို ပြင်ဆင်နေတာဖြစ်တဲ့အတွက် အဖွဲ့ဝင်တွေအနေနဲ့ မကြာမီမှာ နိုင်ငံရပ်ခြားကိုသွားရောက်ကာ ပရိသတ်တွေနဲ့တွေ့ဆုံဖို့ အခွင့်အရေးရတော့မှာ ဖြစ်တာကြောင့် အလွန်ပျော်ရွှင်မိကြောင်း ဖွင့်ဟခဲ့ပါတယ်။

ဒီလိုပြောကြားခဲ့ရာမှာ အပြင်အလည်အပတ်ထွက်တဲ့အခါ ပရိသတ်တွေရဲ့တုံ့ပြန်မှုအပေါ် မေးမြန်းခဲ့သည်ကို အဖွဲ့ဝင်တွေက ဝမ်းနည်းသံနဲ့ တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။

အဖွဲ့ဝင်တွေက “ကျွန်မတို့ဟာ တကယ်တော့ ထောင်ချောက်မိနေကြသလိုပါပဲ။ တစ်ခါမှ အပြင်ကို သီးသန့်အလည်အပတ်ထွက်တာမျိုး အခွင့်အရေးမရခဲ့ကြပါဘူး။ ဘယ်ကိုပဲသွားသွား ဝန်ထမ်းတစ်ဦးက ဘေးမှာ အမြဲလိုက်ပါခဲ့တာချည်းပဲဖြစ်ပါတယ်”လို့ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် “BLACKPINK” အဖွဲ့ဝင်တွေက သူတို့လေးဦးစလုံး အတူအပြင်ထွက်ကြတဲ့အခါမျိုးတွေမှာလည်း ပရိသတ်တွေက မကြာမီမှာ သတိထားမိသွားခဲ့တာချည်းဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ပရိသတ်တွေနဲ့ အမြဲလက်ခံတွေ့ဆုံနေရတာဖြစ်တဲ့အတွက် ဒီလိုပြဿနာတွေကို ဖြေရှင်းပေးဖို့ရည်ရွယ်ကာ အမျိုးသမီးမန်နေဂျာတစ်ဦးက အဖွဲ့ဝင်တွေ အပြင်ထွက်တိုင်း အမြဲအတူလိုက်ပါလေ့ရှိတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်-ခုစည်းသည်





# စူလီ နဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ချိုင်ဇာ လှစ်ဟ

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တွေဖြစ်ကြတဲ့ စူလီနဲ့ ချိုင်ဇာတို့ဟာ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပြီးနောက် လတ်တလောမှာတော့ ချိုင်ဇာက သူတို့နှစ်ဦး လက်တွဲနေပြီလို့ အဓိပ္ပာယ်သက်ရောက်စေတဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာကြောင့် သူတို့နှစ်ဦးလက်တွဲနေပြီဖြစ်ကြောင်း လှစ်ဟပြလိုက်ခြင်းဖြစ်တယ်လို့ ကေပေါ့ပ်စတားဇ်ဒေါ့ကွန်းက ဖော်ပြပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၆ ရက်မှာတော့ ချိုင်ဇာက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ စူလီရဲ့ ကြောင်လေးတွေရဲ့ဓာတ်ပုံကိုဖော်ပြခဲ့တာကြောင့် ဂီတကြယ်ပွင့်အနေနဲ့ ချစ်သူဟောင်းနဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း ပရိသတ်တွေကို လှစ်ဟပြလိုက်တာဖြစ်ကြောင်း အဆိုပါမီဒီယာက ဝေဖန်ခဲ့ပါတယ်။

အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “f(x)”ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လတ်တလောမှာ အဖွဲ့မှနုတ်ထွက်ကာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ ရပ်တည်နေတဲ့ စူလီနဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ချိုင်ဇာတို့ဟာ ချစ်သူတွေအဖြစ် နှစ်နှစ်ခွဲကြာ လက်တွဲလာခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ မေလအတွင်းက အေဂျင်စီတွေကနေတစ်ဆင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

စူလီဟာ ချိုင်ဇာနဲ့ လမ်းခွဲပြီးနောက် စီးပွားရေးလုပ်ငန်းရှင်နဲ့ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ကမ်မင်ဂျန်နဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုလက်တွဲလာခဲ့တာ ချစ်သူသက်တမ်း သုံးလကျော်မှာတော့ နှစ်ဦးသားလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကမ်မင်ဂျန်ဘက်က တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီလိုကြေညာခဲ့ပြီးနောက် သီတင်းတစ်ပတ်ခန့်အကြာမှာတော့ စူလီဟာ ယခုလို ချစ်သူဟောင်းနဲ့ ပြန်လည်ချိန်းဆိုတွေ့ဆုံနေကြောင်း သတင်းတွေ ထပ်မံပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ဒီကောလာဟလတွေကို စတင်ခဲ့တဲ့အရာကတော့ ချိုင်ဇာဖော်ပြခဲ့တဲ့ ဓာတ်ပုံက အစဖြစ်ပါတယ်။ ချိုင်ဇာက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဘီယာဘားတစ်ခုမှာ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဆိုင်ဟာ စူလီနဲ့ ချိုင်ဇာတို့ ပထမဆုံးလက်တွဲခဲ့စဉ်က နှစ်ဦးသားအတူစားသောက်နေခဲ့တဲ့နေရာဖြစ်ပြီး ယင်းစားသောက်ဆိုင်မှာအတူရှိနေကြတဲ့ သူတို့နှစ်ဦးရဲ့ဓာတ်ပုံကို မှတ်တမ်းတင်ဖော်ထုတ်ခဲ့ကာ နှစ်ဦးသားလက်တွဲနေကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ ယခုအကြိမ်မှာလည်း ချိုင်ဇာအနေနဲ့ ယင်းဆိုင်မှာရှိနေတဲ့ သူ့ရဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာကြောင့် အချို့က ချစ်သူဟောင်းနဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သံသယဝင်နေခဲ့ကြတာဖြစ်ပါတယ်။

ဒါ့အပြင် အွန်လိုင်းမီဒီယာတစ်ခုကလည်း ချိုင်ဇာနဲ့ စူလီတို့နှစ်ဦးသားလက်တွဲကာ လမ်းလျှောက်ထွက်နေတဲ့ဓာတ်ပုံတွေကို ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံတွေမှာ သူတို့နှစ်ဦးကို ရင်းရင်းနှီးနှီးဖြစ်နေတာတွေ့ရပြီး အဆိုပါကြယ်ပွင့်နှစ်ဦးဟာ လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း ပြန်လည်ဆက်သွယ်နေခဲ့တာကို တွေ့ရတာကြောင့် ဒုတိယအကြိမ် အချစ်ဇာတ်လမ်းပြန်လည်စတင်နေပြီဖြစ်ကြောင်း ဝေဖန်သံတွေ ပိုမိုဆူညံလာခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ချိုင်ဇာ နောက်ဆုံးဖော်ပြခဲ့တဲ့ဓာတ်ပုံကြောင့် သူတို့နှစ်ဦးပြန်လည်လက်တွဲနေပြီဆိုတာ ပိုမိုသေချာလာစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါကောလာဟလတွေနဲ့ပတ်သက်ပြီး လတ်တလောအချိန်အထိ ကာယကံရှင်တွေနဲ့ သူတို့ရဲ့အေဂျင်စီတွေက တစ်စုံတစ်ရာတုံ့ပြန်ဖြေရှင်းတာမျိုးတော့မရှိသေးကြောင်းလည်း သိရပါတယ်။

# နှစ်(၇၀)ပြည့်အာဇာနည်နေ့လွမ်းသူ့ပန်းခွေချခြင်းနှင့် အလေးပြုခြင်းအခမ်းအနားပဲခူး၌ ကျင်းပ

**ပဲခူး ဇူလိုင် ၁၉**

ပဲခူးမြို့ မြင်းစီးဗိုလ်ချုပ်ကြေးရုပ်၌ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ နှစ်(၇၀) ပြည့်အာဇာနည်နေ့ လွမ်းသူ့ပန်းခွေချခြင်းနှင့် အလေးပြုခြင်းအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေတို့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား လည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် ပဲခူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံတို့က အာဇာနည်ပုဂ္ဂိုလ်ကြီးဦးဘဝင်းအားလည်းကောင်း၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် ဥပဒေချုပ်ဦးအုန်းမြင့်တို့က အာဇာနည်ပုဂ္ဂိုလ်ကြီး မန်းဘခိုင်အားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်တို့က အာဇာနည်ပုဂ္ဂိုလ်ကြီးစပ်စံထွန်းအားလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းဝင်းတို့က အာဇာနည်ပုဂ္ဂိုလ်ကြီး ဦးရာဇတ်အားလည်းကောင်း၊ သယံဇာတသစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံနှင့် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့က အာဇာနည်ပုဂ္ဂိုလ်ကြီးဒီးဒုတ်ဦးဘချိုအားလည်းကောင်း၊ စာရင်းစစ်ချုပ် ဒေါ်သန်းဝင်းနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးတို့က အာဇာနည်ပုဂ္ဂိုလ်ကြီးသခင်မြအားလည်းကောင်း၊ တိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာနညွှန်ကြားရေးမှူးဦးစိန်လှိုင်နှင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးမင်းသိန်းတို့က အာဇာနည်ပုဂ္ဂိုလ်ကြီးဦးအုန်းမောင်အားလည်းကောင်း၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်းနှင့် တိုင်းဒေသကြီးလုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနတိုင်းဦးစီးမှူး ဒေါ်ခင်စပယ်တို့က အာဇာနည်ပုဂ္ဂိုလ်ကြီးရဲဘော်ကိုထွေးအား လည်းကောင်း အသီးသီးလွမ်းသူပန်းခွေချကြပြီး အခမ်းအနားသို့ တက်ရောက်လာသူအားလုံးနှင့်အတူ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဗုဒ္ဓအသံဓမ္မဗိမာန်တွင် ဆရာတော်သံဃာတော်များအား ပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအားရည်မှန်း၍ လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချ အမျှအတမ်းပေးဝေကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**



# နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနား မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် နှစ် (၇၀) ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ သံလွင်ဥယျာဉ်ပန်းခြံ၌ ကျင်းပရာ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံတောင်မြို့တွင် တောင်ကမ်းပါးယံများပြိုကျ၊ နေအိမ်များပျက်စီးကာ လမ်းပိတ်ဆို့မှုများဖြစ်ပွား

**သံတောင် ဇူလိုင် ၁၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ဇူလိုင် ၁၈ ရက် နံနက် ၆ နာရီခွဲက မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ နေရာအနှံ့တွင် တောင်ကမ်းပါးယံများ ပြိုကျမှုကြောင့် ကားလမ်းပိတ်ဆို့မှုနှင့် နေအိမ်အချို့ပျက်စီးမှုများ ဖြစ်ပွား၍ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန်းဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ သံတောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းထွန်း၊ သံတောင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဦးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ သံတောင်မြို့နယ် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးခုပ်ဆောင်ပြောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြေပြိုမှုကြောင့် သံတောင်မြို့ အမှတ် (၁) ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက် မှ နေအိမ်အချို့ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် တောင်ကမ်းပါးယံပြိုကျခဲ့သဖြင့် သံတောင်အမှတ်(၃)ရပ်ကွက်ရှိ သံတောင်ကြီး-လိပ်သိုလမ်းမကြီးပေါ်တွင် အလျား ၁၀ ပေခန့်၊ အနံ ၁၅ ပေခန့် မြေများပိတ်ဆို့၍ သံတောင်မြို့ အမှတ်(၅) ရပ်ကွက် သာသနာ့မြဥ္ဇူဘုန်းတော်ကြီးကျောင်း အနီးမိုင်တိုင်အမှတ် ၂၇/၂ တွင် အလျားပေ ၂၀၊ အနံပေ ၂၀ ခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကာ မြန်မာ့စီးပွားရေးဘဏ်ရှေ့တွင်လည်း အလျား ၁၀ ပေ၊ အနံ ၁၀ ပေခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရသည်။ တောပြာကြီးကျေးရွာရှိ အလယ်တန်းကျောင်းအနောက်ဘက်ပေ ၁၅၀ ခန့် အကွာ၌လည်း အလျား ၂၅ ပေ၊ အမြင့်ပေ ၃၀ ခန့်ရှိတောင်နံရံလည်း ပြိုကျခဲ့ကြောင်းသိရှိရသည်။

ထို့ပြင်သံတောင်-သံတောင်ကြီးသွားလမ်းရှိ မိုင်တိုင်အမှတ် ၁၇/၄ တွင် ၁၅ ပေ ပတ်လည်ခန့် ကျောက်တုံးကြီးတစ်လုံးပိတ်ဆို့ခဲ့ရပြီး မိုင်တိုင်အမှတ် ၁၇/၇ တွင် လုံးပတ် တစ်ပေခွဲခန့်နှင့် လုံးပတ် သုံးပေခန့်ရှိ သစ်ပင်နှစ်ပင်လဲကျခဲ့ပြီး လုံးပတ် ၁၀ ပေခန့် ကျောက်တုံးကြီးမှာလည်း လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ခြင်းတို့အား ပူးပေါင်းအဖွဲ့ဖြင့်ဝိုင်းဝန်းဖယ်ရှားရှင်းလင်းလျက်ရှိသည်။

ယင်းသို့ သံတောင်ကြီးမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် တောင်ကမ်းပါးယံမြေပြိုကျမှုများ ဖြစ်ပေါ်နေသော်လည်း လူများထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း မရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး**

# အင်္ဂပူမြို့နယ်တွင်းရှိ ကမ်းပြိုကမ်းစားဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

**အင်္ဂပူ ဇူလိုင် ၁၉**

အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ဇူလိုင်၁၈ရက် မွန်းလွဲပိုင်းက ကမ်းပြိုကမ်းစားဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးစီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဦးဌေးဝင်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဒေါ်ဂွမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲရင့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များမှ ကယ်ဆယ်ရေးပစ္စည်းနှင့်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ ဒေသခံပြည်သူများက လက်ခံရယူခဲ့သည်။

ယင်းအခမ်းအနားတွင် ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေတိုက်စား၍ကမ်းပြိုမှုကြောင့် ရွှေ့ပြောင်းနေထိုင်ကြသော စစ်ကုန်းအုပ်စု၊ သက္ကယ်တန်းအုပ်စု၊ သက္ကယ်ပြင်(သံ)အုပ်စု၊ နောက်မီးကျေးရွာအုပ်စုများမှ အိမ်ခြေ ၉၆ လုံး၊ အိမ်ထောင်စု ၉၉ စု၊ လူဦးရေ ၃၂၃ ဦးအား ကယ်ဆယ်ရေးပစ္စည်းလေးမျိုးနှင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးထောက်ပံ့ငွေများ၊ ရိက္ခာဆန်ဖိုးငွေများ စုစုပေါင်းတန်ဖိုး ကျပ် ၁၀၃၇၈၃၀၀ အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် လှိုင်ကော်မြို့၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

**လှိုင်ကော် ဇူလိုင် ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား ရည်စူး၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီခွဲက လှိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ပြုလုပ်ရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွှေတောင်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာမိ(အဂ္ဂမဟာပဏ္ဍိတ)နှင့် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာမိ(အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရွှေတောင်ပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကျန်းမာရေးအသိပညာပေးဟောပြောမည်

**မင်္ဂလာတောင်ညွန့် ဇူလိုင် ၁၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှ ကြီးမှူး၍ ပန်းသေပန်းညှိုးရောဂါအကြောင်း သိကောင်းစရာများကို ဇူလိုင် ၂၂ ရက် တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (A)၌ ဆေးတက္ကသိုလ် (၂) ရန်ကုန် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်မှုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဘုန်းမြင့်က Erectile Dysfunction ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်–မန္တလေးကားလမ်းဟောင်း နှင့် အမြန်လမ်းတစ်လျှောက် အုပ်စုဖွဲ့လုယက်မှုများကို ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်

**ရေတာရှည် ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ရန်ကုန်-မန္တလေးကားလမ်းဟောင်းနှင့် အမြန်လမ်းတစ်လျှောက် အုပ်စုဖွဲ့ကာ အသွင်ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် လုယက်မှုများဖြစ်ပွားခဲ့ရာ အမြန်လမ်းရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ကင်းလှည့်စောင့်ကြည့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းထွန်းက ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက ဆွာတိုးဂိတ်ဧည့်ခန်းမ၌ ဒေသခံများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

"လုယက်မှုတွေကို ကျွန်တော်တို့ ရဲတပ်ဖွဲ့က အမြန်ဆုံး ဖော်ထုတ်နိုင်အောင်ဆောင်ရွက်ထားပါတယ်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းဆိုရင် ရေတာရှည်မြို့နယ် ရေနီမြို့ကနေ ဖြူးမြို့နယ် ညောင်ခြေထောက်မြို့အထိ သက်ဆိုင်ရာ နယ်မြေရဲစခန်းအလိုက် အင်အားတွေ ထုတ်နုတ်ပြီးတော့ ယူနီဖောင်းဝတ်ကော အရပ်ဝတ်နဲ့ပါ လှည့်ကင်းတွေ ဆောင်ရွက်ပါ့မယ်။ အဝေးပြေးကုန်တင်ယာဉ်တွေ ရပ်နားလေ့ရှိတဲ့ နေရာတွေကိုလည်း စာရင်းပြုစုပြီး ဒုစရိုက်သမားတွေပြစ်မှု မကျူးလွန်နိုင်အောင်ဆောင်ရွက်မှာပါ။ ပြည်သူတွေအနေနဲ့လည်း ထူးခြားမှုဖြစ်ပြီဆိုရင် ရဲတပ်ဖွဲ့ကိုအမြန်ဆုံးသတင်းပို့ပြီး အကူအညီပေးကြပါလို့ပြောချင်ပါတယ်"ဟု ခရိုင်ရဲတပ်ဖွဲ့မှူးက ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားနှင့် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၁၉**

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ နှစ်(၇၀)ပြည့် အာဇာနည်နေအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ဆွမ်ပရာဘွမ်းလမ်းနှင့် ပြည်ထောင်စုလမ်းမကြီး ထောင့်ရှိ ဗိုလ်ချုပ်ကြေးရုပ်ဝင်းအတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများက အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးအား လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တက်ရောက်လာသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မော်တော်ယာဉ်များမှ ဥသြဆွဲကာ ၂ မိနစ် ငြိမ်သက်ခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ဖိတ်ကြားထားသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများမှ တာဝန်ရှိသူများ၊ မြစ်ကြီးနား ပညာရေးကောလိပ်နှင့် သူနာပြု သားဖွားသင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လွမ်းသူ့ပန်းခွေများချ၍ အလေးပြုခဲ့ကြသည်။

နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို နံနက် ၁၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဆက်လက်၍ကျင်းပရာ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် တက်ရောက်လာကြသည့် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကချင်ပြည်နယ် သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကေတုမာလထံမှ ငါးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညို၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။ အခမ်းအနားတွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး နှစ် (၇၀) ပြည့် အာဇာနည်နေ့ အခမ်းအနားသို့ အင်အား ၅၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



&efukbawmifjrKd½Hk&rf;rlU, furmrwfpcefrSuifpcefrS &tjkv Sefonf ZlvdKif 18 &ufnae 3 em&D armifrau;&m"rR@dKk rLtifuqifa&; toydnmay;aq;aE;a [majymcbna'ocjynfbL100 cefYwuf&mufcloonf atmifaq(a&TWVm;)

# ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝဲလပျင်းကြိုးတံတား ငါးဆယ်ရာနှုန်းပြီးစီး

**ကျောက်ကြီး ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအား ကျေးရွာပေါင်း ၁၂၀၊ စီမံကိန်းလုပ်ငန်းခွဲ ၁၃၄ ခုတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ကျောက်ကြီးမြို့နယ် ဝဲလပျင်းကျေးရွာ ကျောက်ကြီးချောင်းကူးတံတား တည်ဆောက်မှုလုပ်ငန်းမှာ ငါးဆယ်ရာခိုင်နှုန်း ပြီးစီးနေပြီဟု သိရသည်။

"ကျောက်ကြီးမြို့နယ်ထဲက ဝဲလပျင်းကျေးရွာဟာ ကျောက်ကြီးမြို့ တောင်ဘက်ခြမ်း ကျောက်ကြီးချောင်း အရှေ့ဘက်ကမ်းမှာရှိနေတယ်။ မိုးရာသီမှာ လမ်းပန်းဆက်သွယ်ရေးက ရေလမ်းကြောင်းတစ်ခုတည်းရှိတော့ အခက်အခဲတွေ ဖြစ်ရတယ်။ အဲဒီအတွက် ကျောက်ကြီးချောင်း အနောက်ဘက်ကမ်းက ရွာတွေနဲ့ ဆက်သွယ်ပြီး ကျောက်ကြီးကို လမ်းပန်းဆက်သွယ်ရေးလွယ်ကူဖို့ ဝဲလပျင်းရွာမှာ ကျောက်ကြီးချောင်းကူးတံတားကို တည်ဆောက်ပေးတာဖြစ်ပါတယ်"ဟု ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝဲလပျင်း ကျောက်ကြီးချောင်းကူးတံတားသည်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် တည်ဆောက်လျက်ရှိပြီး ကြိုးတံတားအမျိုးအစား၊ တံတားအရှည် ပေ ၂၄၀၊ အကျယ်လေးပေ၊ အမြင့် ပေ ၂၀ ရှိသည်ဟု



သိရသည်။

"ဝဲလပျင်း ကျောက်ကြီးချောင်းကူးကြိုးတံတား ပြီးစီးသွားပါက ဝဲလပျင်းကျေးရွာမှ ကျောက်ကြီးမြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသခံများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာနိုင်မည်ဖြစ်သည်။

**(၁၂၂)**

# မြစ်သားမြို့ကင်းတားရေလှောင်တမံအတွင်း ငါးမြစ်ချင်း ငါးမျိုးစိတ် အကောင်ရေ သုံးသိန်းစိုက်ထည့်

**မြစ်သား ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုတွင် အထောက်အကူပြုစေရေးနှင့် ဒေသအတွင်း ငါးသယံဇာတများပေါများစေရေး တို့ကိုရည်ရွယ်၍ ကင်းတားရေလှောင်တမံအတွင်း ငါးမြစ်ချင်း ငါးမျိုးစိတ် အကောင်ရေ သုံးသိန်းကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက စိုက်ထည့်ကြောင်း သိရသည်။

ကင်းတားတမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်အုန်းကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးမင်းအောင်နှင့် ဒေါ်သင်းမြမြသင်း၊ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇေယျာမောင်၊ မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ငါးမြစ်ချင်း ငါးမျိုးစိတ် အကောင်ရေ သုံးသိန်းကို ကင်းတားရေလှောင်တမံအတွင်း စိုက်ထည့်ပေးကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

**စာမျက်နှာ ၁၈ မှ**

**အကယ်၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာပြီဆိုရင် ပြည်သူတွေအနေနဲ့ ဘယ်လိုတွေ လိုက်နာ ဆောင်ရွက်သင့်ပါသလဲ။**

အခုလိုသွေးလွန်တုပ်ကွေးရာသီ(ဇူလိုင်လ)ဟာ မြန်မာနိုင်ငံမှာ အမြင့်ဆုံးအချိန်ပဲဖြစ်တယ်။ နောက်တော့ တဖြည်းဖြည်း ပြန်ကျသွားတယ်။ အခုရာသီမှာ ဖျားရင် ကလေးတွေကို ပိုဂရုစိုက်ရမယ်။ ဒီနှစ်ဆိုရင် သွေးလွန်တုပ်ကွေးကြောင့် လူကြီးတွေလည်း သေတာတွေရှိတယ်။ ဒီရာသီမှာ လူကြီးပဲဖြစ်ဖြစ်၊ ကလေးပဲဖြစ်ဖြစ် ဖျားရင် သွေးလွန်တုပ်ကွေးဖြစ်နိုင်တယ်လို့ နှလုံးသွင်းဖို့လိုတယ်။ ကြောက်ဖို့တော့မဟုတ်ဘူး။ ကလေးငယ်တစ်ယောက် စဖျားပြီဆိုရင် ဖျားတဲ့ရက်နဲ့ အချိန်ကို မိဘတွေက သေချာမှတ်စေချင်တယ်။ ဘာလို့ဆိုရင် သွေးလွန်တုပ်ကွေးဆိုတာ သေချာရင် နောက်ထပ် ၄၈ နာရီအတွင်း ဆရာဝန်တွေဆီကိုပြရင် ကလေးက ခေါက်ကနဲဖြစ်သွားဖို့ အလားအလာမရှိဘူး။

ဆရာဝန်တွေအတွက်လည်း အချိန်က အရေးကြီးတယ်။ ဒီကလေး သွေးလွန်တုပ်ကွေးဖြစ်တာ ၄၈ နာရီကျော်သွားပြီဆိုရင် အရေးထားပြီးကုဖို့လိုတယ် ဆိုတဲ့ယူနစ်မှာထားပြီး ကုသဖို့လိုလိမ့်မယ်လို့ စဉ်းစားလိမ့်မယ်။ သွေးလွန်တုပ်ကွေး ဖြစ်နိုင်သလားလို့ သတိရှိတာနဲ့ တစ်ပြိုင်နက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖွင့်ထားတဲ့ ဆေးရုံ၊ ဆေးပေးခန်းတွေကို သွားစေချင်ပါတယ်။ အဲဒီဆေးရုံတွေမှာ ကလေးအထူးကု ဆရာဝန်ကြီးတွေရှိတဲ့ ဆေးရုံကြီးတွေရှိပါတယ်။ မြို့နယ်ဆေးရုံတွေမှာ ကလေးအထူးကု ဆရာဝန်ကြီးတွေမရှိပေမယ့် မြို့နယ်ဆရာဝန်ကြီးတွေက ဆရာဝန်တွေထဲမှာ လုပ်သက်ရင့်ဝါရင့်ပြီး ကုသမှုပိုင်းမှာ အတွေ့အကြုံအများအပြားရှိတဲ့ သူကိုမှ မြို့နယ်ဆရာဝန်ကြီးတွေ ခန့်ထားတာ ဖြစ်ပါတယ်။ တိုက်နယ်ဆရာဝန်လည်း လက်ထောက်ဆရာဝန်ထဲက ဝါရင့်တဲ့ပုဂ္ဂိုလ်ကိုမှ ခန့်တာဖြစ်ပါတယ်။

သွားပြပြီဆိုရင် သက်ဆိုင်ရာ ဆေးရုံကနေ လူနာကို သုံးအုပ်စုခွဲလိုက်တယ်။ ပထမအုပ်စုက သွေးလွန်တုပ်ကွေးနဲ့ပတ်သက်တဲ့ လက္ခဏာရပ်တော့ရှိတယ်။ သို့သော်သိပ်မပြင်းဘူးဆိုရင် လိုအပ်တဲ့ဆေးဝါးပေးပြီး အိမ်မှာပဲ ကုသခွင့်ပေးပါတယ်။ ဒုတိယအုပ်စုက ရောဂါပြင်းထန်မှုအသင့်အတင့်ရှိတဲ့ လူနာဆိုရင် အိမ်ကိုပြန်မလွှတ်တော့ဘူး။ ဆေးရုံမှာကုသရပေမယ့် စိုးရိမ်ရတဲ့ အတိုင်းအတာတော့မဟုတ်ဘူး။ လိုအပ်တဲ့ ပြုစုကုသမှုတွေတော့ လုပ်ပေးနေမှာဖြစ်ပါတယ်။ တတိယအုပ်စုက ရောဂါပြင်းထန်နေပြီဆိုရင် ကြပ်မတ်ကုသတဲ့နေရာမှာ ချက်ချင်းဆိုသလို ဆောင်ရွက်ရတဲ့အပိုင်းပဲဖြစ်ပါတယ်။

ဆေးရုံတက်လူနာ ၁၀၀ မှာ နှစ်ဧဉ် တစ်ရာခိုင်နှုန်းအောက်မှာပဲရှိပါတယ်။ တော်တော်လေး ကောင်းမွန်တဲ့ လက္ခဏာပါ။ တစ်နည်းအားဖြင့် ပြောရင် ကျွန်တော်တို့ရဲ့ ဆေးရုံဆေးခန်းတွေက အင်မတန်အားကိုးထိုက်ပါတယ်။ အားကိုးလို့လည်း အမှန်တကယ်ရပါတယ်။ သွေးလွန်တုပ်ကွေး ရာသီချိန်မှာ ကလေးဖျားဖျား၊ လူကြီး ဖျားဖျား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ ဆေးရုံဆေးခန်းတွေမှာ သွားရောက်ပြသဖို့ဖြစ်ပါတယ်။

**သွေးလွန်တုပ်ကွေးက အများအားဖြင့် ကလေးငယ်တွေ အဖြစ်များတာဖြစ်တဲ့အတွက် ကလေး မိဘတွေအနေနဲ့ ဘယ်လိုတွေပြုမူဆောင်ရွက် သင့်သလဲဆိုတာ သိလိုပါတယ်။**

နောက်တစ်ခုက မိဘတွေသိထားသင့်တဲ့ အန္တရာယ်ရှိတဲ့အချက်တွေရှိပါတယ်။ စဖျားပြီး ၄၈ နာရီအတွင်းဆိုရင် သိပ်ပြီး မစိုးရိမ်ရပါဘူး။ ကလေးတစ်ယောက်ဖျားပြီဆိုရင် တစ်ရက်လောက်ပဲ အိမ်မှာစောင့်ကြည့်တာလုပ်သင့်တယ်။ နှစ်ရက်လောက် စောင့်ကြည့်ပြီဆိုရင်အတိုင်းထက်အလွန်ဖြစ်သွားပြီ။ မစောင့်ကြည့်သင့်တော့တဲ့ အနေအထားမျိုးဖြစ်လာပြီ။ သုံးရက်လောက်ဆို ရင်တော့ ကလေးငယ်အတွက် အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းတဲ့ စောင့်ကြည့်မှုပဲဖြစ်ပါတယ်။ ၄၈ နာရီ တော့ကျော်သွားပြီ။ ကလေးက အဖျားကျသွားပြီ။ ကိုယ်ပူကျသွားတော့ မိဘက စိတ်အေးသွားတယ်။

သွေးလွန်တုပ်ကွေးမှာ အဲဒီအချက်က အင်မတန်မှ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ ကလေးငယ်တွေဟာ မာယာမများပါဘူး။ ကိုယ်ပူကျသွားပြီး တကယ်နေကောင်းရင် ထထိုင်တယ်၊ ဆော့တယ်၊ စားတယ်။ ကိုယ်ပူတော့ကျသွားတယ်။ ကလေးငယ်က မှိန်းနေတယ်ဆိုတာကလေးငယ်မှာမရှိဘူး။ ကိုယ်ပူကျသွားပြီး မှိန်းနေတယ် ဆိုရင်တော့ အဲဒီကလေးငယ်က သူဒုက္ခများ တော့မယ်လို့ ပြောနေတာဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးမှာ ကိုယ်ပူကျတိုင်းမပျော်နဲ့ ကိုယ်ပူကျပြီး ကလေးငယ်က ထဆော့၊ ထစားတယ်၊ ထဖို့ ကြိုးစားတယ်၊ သူရှင်သန်ဖို့ ကြိုးစားလာပြီဆိုရင် ဒါဟာကောင်းပါတယ်။ ကိုယ်ပူကျပြီးမှိန်းနေတယ်ဆိုရင်တော့ ဘယ်နည်းနဲ့မှ အိမ်မှာကိုယ်ပူ ကျသွားလို့ဆိုပြီး ဆက်မနေသင့်ဘူး။ ချက်ချင်း ဆေးရုံကို သွားရမှာဖြစ်တယ်။ ကလေးငယ်တွေ ဗိုက်အောင့်တယ်လို့ ပြောတတ်ပေမယ့် ပြောခဲတယ်။ အထူးသဖြင့် ညာဘက် နံရိုးရဲ့အစပ်မှာ ကလေးငယ်တွေက အောင့်တယ်လို့ပြောရင် ကလေးငယ်လည်းမခံမရပ်နိုင်လောက်အောင် အောင့်နေတယ်ဆိုတာကို သေချာသိရင်လည်း ဒါလည်းပဲ အန္တရာယ်များတဲ့ လက္ခဏာတစ်ရပ်ပါ။ ဒါမျိုးဆိုရင်လည်း ဆေးရုံဆေးခန်းကိုချက်ချင်းသွားသင့်ပါတယ်။

ဆေးဝါးတွေ မသောက်နိုင်လောက်အောင်၊ ဓာတ်ဆားကိုမှ မသောက်နိုင်လောက်အောင် ဆက်တိုက်အန်နေတယ်ဆိုရင်လည်း မကောင်းတဲ့ လက္ခဏာပဲ၊ အန်နေရင်းကနေ ကော်ဖီအနှစ်အရောင်တွေ၊ သွေးစသွေးခဲလေးတွေ အဲဒါတွေပါလာခဲ့ရင်၊ ဝမ်းက ကတ္တရာလို မည်းမည်းတွေသွားနေမယ်ဆိုရင်၊ နှာခေါင်း သွေးယိုတာ၊ သွားဖုံး သွေးယိုတာ ဖြစ်လာမယ်ဆိုရင်လည်း ဆေးရုံဆေးခန်းကို အမြန်ဆုံးသွားသင့်ပါတယ်။ အဲဒါတွေကတော့ မိဘတွေ မြင်သာပြီး သိလွယ်တဲ့အပိုင်းတွေပါပဲ။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား/ သေဆုံးမှု အခြေအနေ**
**(၁-၁-၂၀၁၇ မှ ၁-၇-၂၀၁၇ အထိ)**

| စဉ် | တိုင်းဒေသကြီးနှင့် ပြည်နယ် | ဖြစ်ပွားမှု | သေဆုံးမှု |
|---|---|---|---|
| ၁ | နေပြည်တော် | ၁၂၅ | ၁ |
| ၂ | ကချင် | ၂၆၇ | ၁ |
| ၃ | ကယား | ၂၇၁ | ၁ |
| ၄ | ကရင် | ၈၄၃ | ၁ |
| ၅ | ချင်း | - | - |
| ၆ | စစ်ကိုင်း | ၁၇၇ | ၂ |
| ၇ | တနင်္သာရီ | ၄၄၈ | - |
| ၈ | ပဲခူး | ၉၁၄ | ၇ |
| ၉ | မကွေး | ၁၂၉ | ၁ |
| ၁၀ | မန္တလေး | ၄၈၆ | - |
| ၁၁ | မွန် | ၁၀၂၅ | - |
| ၁၂ | ရခိုင် | ၁၂၇၇ | ၁၀ |
| ၁၃ | ရန်ကုန် | ၂၅၀၁ | ၁၅ |
| ၁၄ | ရှမ်း | ၂၄၅ | - |
| ၁၅ | ဧရာဝတီ | ၁၃၉၃ | ၁၅ |
| | စုစုပေါင်း | ၁၀၁၀၁ | ၅၄ |

# YAW MIN GYI APARTMENT
No.62, Yaw Min Gyi Road, Dagon Township, Yangon



အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။

- ရန်ကုန်မြို့၏အချက်အချာ အကျဆုံး Downtown ဧရိယာဖြစ်သည့် ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းပေါ်တွင် တည်ရှိပါသည်။
- RC Structure, Post Tensioned slab, Shear Wall များဖြင့် ငလျင်ဒဏ်ခံနိုင်စေရန် တည်ဆောက်ထားပါသည်။
- Laminate Floor, Plaster board ceiling, Lighting Fixtures, Air-conditioning ၊ ရေပူရေအေးစက်များ ပြည့်စုံစွာ ပါဝင်၍ Security access control & CCTV system၊ Schindler ဓာတ်လှေကား (၂) စင်း၊ ကိုယ်ပိုင် Transformer နှင့် Generator ပါရှိပါသည်။
- (၁၇၅၀) စတုရန်းပေမှ (၁၈၀၀) စတုရန်းပေအထိ ကျယ်ဝန်းသည့် အခန်းများဖြစ်ပြီး တစ်ခန်းလျှင် Car parking (၁) စီးစာ ပါရှိပါသည်။
- ကာလပေါက်ဈေးထက် သက်သာသောနှုန်းထားဖြစ်ပြီး ငွေအကျေချေပြီး ချက်ချင်း အသင့်တက်ရောက်နေထိုင်နိုင်ပါသည်။








DEVELOPER- GRAND STYLE CO.,LTD. အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့်မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
TEL: 01-524963, 01-526928, 01-516533~6



**ရှိုင်းရယ် ပဏ္ဍာ မြား**
မိုးကုတ်-မန္တလေး-ကျောက်စိမ်း
ဘုရား ၂၃-၃၅က် (၂၁-၇-၁၇) 70000
ပုဂံ-ပုပ္ပါး-ပခုက္ကူ ၂/၃ (သောကြာ) 39000
252055609, 444462599



**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ၊
09-43117680, 09-5059821



**ကောင်းဖြတ်**
**ယာဉ်မောင်းသင်တန်း**
အချိန်တိုအတွင်း အိမ်အရောက်
အမြန်သင်ပေးသည်။
ဖုန်း - ၀၉ ၉၇၃၇၄၈၁၄၉



**ရွှေကိန္နရီ**
(MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားကြီး၊ ကားငယ်
ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ
တပါတည်း ပြောင်းရွှေ့ပေးသည်။
(မြို့တွင်း / နယ်ဝေး)
09-2532 77776
09-2532 66667
09-2532 66668
09-2532 66669



**တက်နေဝန်း**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၁)မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတတံတားသစ်စီမံကိန်းအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

(၁) တောသစ်
(၂) Bentonite
(၃) Ready Mixed Concrete

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်/အချိန် | - ၂၀-၇-၂၀၁၇ရက် ၉း၃၀ နာရီ |
| တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက်/အချိန် | - ၉-၈-၂၀၁၇ ရက် ၁၆း၀၀ နာရီ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - ၁၀-၈-၂၀၁၇ ရက် ၁၃း၀၀ နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၁၁)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၁၁) သာကေတ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၆၂၀၀၈၇၆၊ ၀၁-၅၅၅၇၇၃ သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၁)**


# Super Cool
Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊
ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)
(၁) မ/ဒဂုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-49316140
(၆) မန္တလေး -09-49252181, 09444042912
(၇) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ - 09-256223396, 09-47054581
မိုးရာသီ SPECIAL PROMOTION
Air-Con 1.0Hp တပ်ဆင်အပြီးအစီး 299000 ကျပ်
Air-Con 1.5Hp တပ်ဆင်အပြီးအစီး 329000 ကျပ်



GRAND STYLE
# TILES EXPO'17
SHOCK PRICE
ALL TILES SALE 20% & OTHER ITEMS STOREWIDE
Jun 06 - Aug 31, 2017

Thiri Yadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon, 11031
Building Zone G3, Unit G46-G52, သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ 11031 www.grandstylemm.com Tel. +95-9785088488, +95-95088488 GrandStyleMM



## First Myanmar Investment Co., Ltd.

A Public Company Listed on the Yangon Stock Exchange
Company Registration No. 159/92-93 | YSX Code 00001

### (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

First Myanmar Investment Co., Ltd. (FMI) ၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၃၀-၇-၂၀၁၇ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀)နာရီမှ နေ့လယ် (၁း၀၀)နာရီအထိ
ကျင်းပမည့်နေရာ ။ ။ အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးအကြောင်းကြားစာအား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့ကုန်တွင် YSX ရှိ အစုရှယ်ယာစာရင်းအရ အစုရှယ်ယာရှင်များထံသို့ ပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေး မတက်ရောက်နိုင်ကြသော အစုရှယ်ယာရှင်များသည် ကြိုတင်ပေးပို့ထားပြီးဖြစ်သော ကိုယ်စားလှယ်လွှဲစာတွင် ဖြည့်စွက်လက်မှတ်ရေးထိုး၍ FMI Co., Ltd. ရုံးခန်းသို့ ၂၆-၇-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးအစီအစဉ်တွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ရန် ဖြစ်ပါသည်။

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာကို အတည်ပြုရန်။
၂။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အမြတ်ဝေစုနှင့် Bonus Share ထုတ်ဝေမှုကို အတည်ပြုရန်။
၃။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်မှုနှင့် ခန့်အပ်မှုအတည်ပြုရန်။
၄။ Myanmar Vigour & Associates Limited ("Deloitte Myanmar") အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အဖြစ်ခန့်အပ်ရန်။

---

**အမြတ်ဝေစုရယူရန်**

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် အမြတ်ဝေစုနှင့် Bonus Share ခံစားခွင့်ကို ၄-၈-၂၀၁၇ (သောကြာနေ့) တွင် YSX ရှိ အစုရှယ်ယာစာရင်းအရ ပိုင်ဆိုင်သော အရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်သည်။

အမြတ်ဝေစုများ ထုတ်ဝေပေးရာတွင် -

* Securities Account မဖွင့်လှစ်ရသေးသော အစုရှယ်ယာရှင်များအား FMI Co., Ltd. တွင် ၁၅-၈-၂၀၁၇ ရက်နေ့မှစတင်၍ ထုတ်ဝေပေးပါမည်။
* Securities ကုမ္ပဏီများဖြစ်ကြသော KBZSC, MSEC, AYAtrust Securities, CB Securities, KTZRH Securities နှင့် Amara Investment Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုအား မိမိတို့ဖွင့်လှစ်ခဲ့သော Securities ကုမ္ပဏီများသို့ ၁၅-၈-၂၀၁၇ ရက်နေ့တွင် ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရပါမည်။

အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့်အချက်အလက်များရှိပါက FMI Co., Ltd. သို့ (၂၄-၇-၂၀၁၇) ရက် ညနေ(၄း၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့ကြရန် ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် အကြောင်းကြားစာမရရှိသော အစုရှယ်ယာရှင်များအနေဖြင့် မှတ်ပုံတင်မှုရင်းနှင့်အတူ FMI Co., Ltd. ရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့,
FMI Co., Ltd.

First Myanmar Investment Co., Ltd.
ရန်ကုန်ရုံးချုပ် – FMI Centre ၊ အမှတ်-၃၈၀၊ ၁၀-ထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၀၃၆၃၊ ၂၄၀၃၇၃
Web: fmi.com.mm | Email: fmi@spa-mm.com


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ အထက(၁)ကမာရွတ်မှ သိပ္ပံဘာသာတွဲဖြင့် (၆)ဘာသာ (ဘာသာစုံ)ဂုဏ်ထူးရရှိသော အဖဦးနိုင်ဦး၏ သမီး မထက်ဝေယံမြင့် (ဆကရ-၅၀၃)၊ အဖဦးဉာဏ်ဝင်းထွန်း၏ သမီး မနှင်းနှင်းဝေ (ဆကရ-၅၁၁)နှင့် အခြားဂုဏ်ထူးရရှိသော သမီးများအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**မိဘဆရာအသင်း**
**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၁)ကမာရွတ်**


မင်းသိခ် အသုံးပြုခဲ့သော ယတြာနည်းစနစ်များနှင့် အဆောင်ပုံများ မှတ်တမ်း



**မနောမယ ယတြာ လက်ဆောင်ပေါင်းချုပ်**

**မင်းသိခ်** (ဒုတိယအကြိမ်)

မင်းသိခ်သက်ရှိထင်ရှားရှိစဉ်အခါက အသုံးပြုခဲ့သော လူအများအား စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ပါတ်သက်၍ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည့် ယတြာများကို စုစည်းတင်ပြထားသည့် **မနောမယလက်ဆောင်ပေါင်းချုပ်**. . . . .ဒုက္ခရောက်၊ စီးပွားပျက်နေသူတစ်ဦးကို သကြားမကိန်းဆိုက်အောင် ပြုလုပ်ပေးနိုင်သော **မဟာဘိသိက်ပျားစွဲမှတ်ဆိတ်အစီအစဉ်**. . . . .
ဆင်းရဲမွဲတေသော ဦးရွှေအိုးဘဝမှ ဘုရင့်ဘွဲ့တံဆိပ်တော်ရ သူဌေးကြီး ဦးရွှေအိုး ဘဝရောက်အောင် စောင်မ ပေးခဲ့သော ဖားမဲ့ဆရာတော်ကြီး၏ **သုံးရောင်ချယ်ဘုရားဆင်းတု ကိုးကွယ်နည်း** . . . . .
မင်းသား၊ မင်းသမီး အနုပညာသမားများအတွက် **အဆောင်ယတြာ** . . . . .
ပညာရေးအတွက် လိုအပ်သော မရှိမဖြစ်ဆောင်ထားရမည့် **ထူးဆန်းသော ရွှေသော့ကလေး** . . . . .
ဘယ်လိုအခက်အခဲ မဆိုသုံးနိုင်သော **ကြီးလေးကြီး စမ ဖယောင်းတိုင်** . . . . .

မရမ်းတလင်းစာပေ - ဖုန်း - ၀၁ - ၅၄၃၂၉၇၊ ၀၉ ၇၃၀၀ ၂၉၆၅၊ ၀၉ ၅၀၃၆၂၇၅


**zciftrnfe**

ဂန့်ဂေါမြို့နယ်၊ တောင်ခင်ရန်း၊ အထက၊ န၀မတန်းမှ မောင်ဟန်သူစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော် [၅/မရန(နိုင်)၁၈၁၉၇၂] ဖြစ်ပါကြောင်း။

**ဦးမြင့်ကျော်**

**trnfjymif**

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ (၄)ရပ်ကွက်မှ ဦးလိုင်းကင်း [၄/မတန(နိုင်)၀၀၁၈၁၀]၏သား မောင်ကင်းလိမ်အား မောင်ဝင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝင်းမောင်**

**wpfODwnf;zpf;aumif**

ရေစကြိုမြို့နယ်၊ မင်းရွာကျေးရွာမှ မောင်ဗိုလ်ဗိုလ်စိုး၊ မယုဝေလွင်၊ မယဉ်ဝေလွင်တို့၏ဖခင် ဦးမောင်မောင်နှင့် ဦးမြင့် [၅/ခဥတ(နိုင်)၀၂၂၀၇၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။


# SUPER RICH MAN SWIMMING POOL SPECIALIZED COMPANY

အဆင့်မြင့်ရေကူးကန်တည်ဆောက်လိုသူတိုင်း Super Rich Man နဲ့ ဆောက်ကြသည်




အမှတ်-(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်။ 01-401518, 01-8604064 VIBER : 09-784711147
Email:richmanpool@gmail.com WEBSITE:www.superrichmanpools.com Facebook:www.facebook.com/superrichmanpool


**သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့**

ကြော်ငြာ








**နိုင်ငံခြားသားများနေထိုင်ရန်**

လူကြီးမင်းတို့ ပိုင်ဆိုင်သော အဆင့်မြင့် ပြင်ဆင်ပြီး လုံးချင်းနှင့် CONDO များအား အမြန်ငှားလိုပါသည်။

Ph: 09-964008848, 09-793108848, 01-394053

သို့လှောင်ရုံ ငှားရန်ရှိသည်၊
90' x 90' (R.C)၊
စက်မှုဇုန် (၂)၊ လှိုင်သာယာ
(နေရာအလွန်ကောင်း)
Ph: 09787200511

**ဝန်ထမ်းအလိုရှိသည်**

နေပြည်တော်၊ Junction Centerတွင် ဖွင့်လှစ်သည့် ရွှေဖြူးမောက်ရတနာရွှေဆိုင်အတွက် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ ဖုန်း-၀၉-၇၇၇၇၆၇၇၃၆

နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင်အကျိုးဆောင်ပေးမည်။ ပိုင်ရှင်တိုက်ရိုက်သာဆက်သွယ်ပါ။ (မှတ်ချက်-နိုင်ငံခြားသားအများစု မှာ ဥရောပနိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07











bella
BE A STAR
ရေစိုခံကူရှင်ပုတ်ရင်း ကားစီးမယ်
သိန်း ၃၀၀၀ ကျော်
ဆုမဲပေါင်း တစ်သိန်းခွဲကျော်
bella
ALL in ONE
Dream Matte Powder Cushion
Oil Control
SPF 50 PA +++
NISSAN
SUPER STAR LUCKY DRAW
18TH JULY ~ 30TH OCT | 2017
Like Us On
https://www.facebook.com/BellaBeAStar/

# ကြော်ငြာ


**သနိုးငွေးနှင့်ရောင်းရင်းများ ဗ ရွှေတောင်ပြုံးသို့**

- ရွှေတောင်ပြုံး၊ မန္တလေး၊ ကျောက်စိမ်း (၃)ရက်။ **July 31, Aug1 ထွက်မည်**
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း (၄)ရက်။
- ရွှေတောင်ပြုံး၊ မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင် (၆)ရက်။ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (ပုဂံ-ညောင်ဦး၊ ပုပ္ပါး) (၇/၈)ရက်။ ခရီးစဉ်အားလုံးပါ (၁၁)ရက်။
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက်။
- (ပုဂံ-ညောင်ဦး၊ ပုပ္ပါး) (တောင်ကြီး၊ အင်းလေး) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်) (၄)ရက်။ (သောကြာ) ကျိုက်ထီးရိုး/ချောင်းသာ (အင်္ဂါ-သောကြာ)

မေ့ချမ်းမြို့(မေမ့/တမူးမွေ့)၊ ပြည်၊ အကောက်တောင်၊ နဂါးရုပ်၊ နေပြည်တော်၊ ဂလ္လာန်

အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

**တော်ဝင်ထွန်းစတား 09-252466655, 09-252466633**

- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည် (၄)ရက်
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၆)ရက်
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်ဘုရားစုံ (၇)ရက်

**1-8-17 ထွက်မည်**

ဘဘအောင်မင်းခေါင် ထွက်ရပ်ပေါက်ပွဲတော်ပွဲ ခရီးစဉ်များ ကြိုတင်ရောင်းပြီ

ကားစီးလုံးငှားအထူးဝန်ဆောင်မှုပေးသည် | အိမ်အရောက်လက်မှတ်ပို့အခမဲ့ဝန်ဆောင်မှု

**သုံးရာသီ** မမွှေဒါန

ရွှေတောင်ပြုံးမင်းနှစ်ပါးပွဲ

- တောင်ပြုံး၊ တောင်ကြီး၊ အင်းလေး(၆၀၀၀၀/-)
- တောင်ပြုံး၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(၅၀၀၀၀/-)
- တောင်ပြုံး၊ မော်မြို့၊ စစ်ကိုင်း(၄၀၀၀၀/-)

ကားအမျိုးမျိုးစီးလုံးငှားသည်။ 1-8-2017

420144148, 421153797

**စည်းစိမ်မင်း 09-444450446, 09-444450558, 09-250144709 (အိမ်အရောက်လက်မှတ်ပို့)**

- ရွှေတောင်ပြုံး(သီးသန့်)၊ မန္တလေးမဟာမြတ်မုနိ၊ ကျောက်စိမ်း (၂)ရက် **35000**
- ရွှေတောင်ပြုံး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ ကျောက်ဆည် (၄)ရက် **55000**
- ရွှေတောင်ပြုံး၊ ပုဂံ(စွယ်တော်လေးဆူ) ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၅)ရက် **55000**
- ရွှေတောင်ပြုံး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း (၆)ရက် **65000**

**(1-8-2017) ညထွက်မည်။**

**ကားစီးလုံးငှားသည်။**

AC-Express(45,33,25), အခေတ်ပုံ(14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှင်း) ပိုင်ရှင်ကိုယ်တိုင်ငှားသည်။ လချုပ်ငှားပါ။

မြို့တွင်း / ပြင် - ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။

Ph: 09-252522200, 09-33345545, 09-5089800

**ရွှေလမ်းခရီး** ...မှ ရွှေတောင်ပြုံးမင်းနှစ်ပါးပွဲတော်သို့

- ရွှေတောင်ပြုံး၊ မန္တလေး၊ ဝေဠုဝန်ကျောက်စိမ်းစေတီ
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ အစုံ
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ ကယား၊ ပြည်နယ်-လွိုင်ကော်(တောင်ကွဲစေတီ)
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော
- ရွှေတောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော အစုံ


ခရီးစဉ်တိုင်း (၁-၈-၂၀၁၇) ထွက်မည်

ဘဘအောင်မင်းခေါင်ထွက်ပွဲ (ကြိုတင်လက်မှတ်ရောင်းပြီ)

အမှတ်(၁၁၇)၊ ပန်းဆိုးတန်းလမ်း(ဗိုလ်ကျော်ဇံဓာတ်ဆေး) 095124678, 09401589907, 01371317









**ကံ့ကော်ရိပ် တက္ကသိုလ်ဝင်တန်း**

၂၀၀၂ ခုနှစ်မှ ယခုနှစ်အထိ စစ်မေးခဲ့သော

**ဘောဂဗေဒ တွက်ချက်မှုများ**

ဦးလှသိန်း-ဘောဂဗေဒ(စီးပွားရေးတက္ကသိုလ်)

- မေးခွန်းဟောင်းများ
- အဖြေလွှာမှန်
- မေးခွန်းတို/ရှည်

**ကံ့ကော်ရိပ် တက္ကသိုလ်ဝင်တန်း**

**OLD QUESTIONS *ESSAYS & LETTERS***

***FOR DISTINCTION STUDENTS***

၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိမေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ မေးခွန်းဟောင်းများမှ(Essays & Letters)များကိုစံပြဖြေဆိုပေးထားပါတယ်။

U.T.T

ကေရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်းပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၅၁၁၁၄၊ ၀၉၅၀၂၆၇၀၊ ၀၉၅၀၁၁၁၄၆/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။







# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ရောက်ရှိ

**နယူးယောက် ဇူလိုင် ၁၉**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့၌ ကျင်းပမည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေး တက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကိုရီးယားလေကြောင်းလိုင်းဖြင့် ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းနှင့် ဝန်ထမ်းများက ဂျွန်အက်ဖ်ကနေဒီ (John F Kennedy) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြန်မာအဖွဲ့ရုံးသို့ရောက်ရှိပြီး မြန်မာအဖွဲ့ရုံးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် ခေတ္တတည်းခိုမည့် The Lexington New York ဟိုတယ်သို့ ရောက်ရှိသည်။

**(သတင်းစဉ်)**



အိမ်ရှင်မြန်မာအသင်း အနိုင်ရ

စာမျက်နှာ - ၁၄

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံအား သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု (အေ)အဆင့်သတ်မှတ်

စာမျက်နှာ - ၁၈

# နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ဝန်ကြီးများရုံး၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဗိုလ်ချုပ်ကြေးရုပ်တုနေရာများတွင် ဂါရဝပြုလေ့လာသူများဖြင့် စည်ကား



နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်များရုံး)၌ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမကို လာရောက်ကြည့်ရှုလေ့လာကြသော ရဟန်းရှင်လူပြည်သူများကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး) အတွင်းရှိ တိုင်းပြည်ပြုလွှတ်တော်ကျင်းပရာနေရာ အဆောက်အအုံ အစည်းအဝေးခန်းမရှေ့ရှိ အလံတိုင်အနီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မော်ကွန်းကမ္ပည်း ရေးထိုးထားသည့် ကျောက်စာတိုင်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးမောင်မောင်စိုးနှင့် တက်ရောက်လာသူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံတိုင်တစ်ဝက်လျှော့ချအလေးပြုခြင်းနှင့် နှစ်မိနစ်ခန့်ငြိမ်သက်စွာ မေတ္တာပို့အမျှဝေခြင်းတို့ ပြုလုပ်ခဲ့သည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "ဒီနေ့ဟာ တကယ့်ကို နေ့ထူးနေ့မြတ်ကြီးပါပဲ။ တိုင်းပြည်ရဲ့ လွတ်လပ်ရေးဆိုတာ အလကားရခဲ့တာမဟုတ်ဘူး၊ သူများက ပေးချင်လို့ ပေးခဲ့တာမဟုတ်ဘူး။ တကယ့်ကို အသက်နဲ့ရင်းပြီး ရခဲ့တာဖြစ်တဲ့အတွက်ကြောင့် အချင်းချင်း စည်းလုံးရမယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရမယ်။ ငါတို့ကောင်းမှ နိုင်ငံကောင်းမယ်ဆိုတဲ့ အတွေးမျိုး ကလေးတွေဆီ၊ အနာဂတ်သားကောင်းလေးတွေဆီ အဓိကရောက်အောင် သူတို့အတွက်ပဲ အဓိကဦးတည်ပါတယ်"ဟု ပြောသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *



